


KONRAD
ADENAUER
STIFTUNG

2020©Copyright by Konrad-Adenauer Stiftung Ltd., Myanmar

**ISBN - 978 - 99971 - 954 - 1 - 8**

## Publisher:

Konrad-Adenauer Stiftung Ltd.
Myanmar Representative Office
Yangon, Myanmar

Info.myanmar@kas.de

www.kas.de/myanmar/en

All rights reserved. No part of this book may be reprinted or reproduced or utilized in any form.

Cover Photo credit: Dr. Kerstin Duell

KONRAD
ADENAUER
STIFTUNG

# မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ၏ ဦးဆောင်ပါဝင်မှု တိုးတက်ရေးဆိုင်ရာ မဟာဗျူဟာများ



Dr. Kerstin Duell

# မာတိကာ


## အကျဉ်းချုပ် 01

## နိဒါန်း 03

## ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးများ၏ ပါဝင်မှု– အနာဂတ်ဖြစ်နိုင်ခြေများ 08

## မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက်စိန်ခေါ်မှုများ 13

အမျိုးသမီးများအပေါ်တရားမျှတမှု မရှိခြင်းကို ပံ့ပိုးပေးနေသည့် တည်ဆဲဥပဒေများ 14

လွှတ်တော်ရှိအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့်တပ်မတော်သားများ 17

တပ်မတော်၏ အခန်းကဏ္ဍကို အရပ်သားများဝင်ရောက်စွက်ဖက်ခွင့်မရှိခြင်း 20

## လူမှုစီးပွားဆိုင်ရာအသွင်ကူးပြောင်းရေးအတွက် ကျားမရေးရာ အလေးပေးမှုရှိသော ဘတ်ဂျက် ရေးဆွဲခြင်း 22

ဖိလစ်ပိုင်နိုင်ငံ၏ဖြစ်ရပ်ကိုလေ့လာခြင်း – ၁၉၉၅ခုနှစ်တွင် ကျားမဆိုင်ရာရှုထောင့်မှ ဘတ်ဂျက်ရေးဆွဲခြင်းအပေါ် စောလျင်စွာ ဥပဒေပြုရေးဆွဲခြင်း 25

အင်ဒိုနီးရှားနိုင်ငံ၏ဖြစ်ရပ်ကိုလေ့လာခြင်း – ပြည်တွင်းလူမှုအဖွဲ့အစည်းများနှင့် အမျိုးသမီးများ၏ အားကောင်းသောပါဝင်မှု 25

တောင်ကိုရီးယားနိုင်ငံ၏ဖြစ်ရပ်ကိုလေ့လာခြင်း – သုတေသနပြုလုပ်ခြင်းနှင့် ဥပဒေရေးရာ အားပေးထောက်ခံခြင်း 26

မြန်မာနိုင်ငံအတွက် အတုယူဖွယ်များ – ဘတ်ဂျက်ဆိုင်ရာပွင့်လင်းမြင်သာမှုရှိရေး၊ ဥပဒေရေးရာ အားပေးထောက်ခံခြင်း၊ ပြည်တွင်းလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ဗဟို ချုပ်ကိုင်မှုစနစ်လျှော့ချခြင်း 27

မြန်မာနိုင်ငံ၌ အမျိုးသားများဦးဆောင်သောဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုအားနည်းနေခြင်း 28

မြန်မာနိုင်ငံ၌ ကျားမဆိုင်ရာအလေးပေးမှုရှိသောဘတ်ဂျက်ရေးဆွဲခြင်းကို ဦးတည်စေရန် အကြံပြုထားသောအဆင့်များ 30

## အပြီးသတ်ထင်မြင်ယူဆချက်များ– ကျားမအလေးပေးမှုရှိသော ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အခြားလုပ်ငန်းစဉ်များမှတစ်ဆင့် စစ်တပ်လွှမ်းမိုးသော အခြေအနေတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုမြှင့်တင်ခြင်း 34

## မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုကိုမြှင့်တင်ရန် ထောက်ခံအကြံပြုထားသောဗျူဟာများ 39

## ကိုးကား 43

# စာရေးသူအကြောင်း

Dr. Kerstin Duell သည် အာရှဒေသတွင် ပုဂ္ဂလိက နှင့် အစိုးရ အခန်းကဏ္ဍနှစ်ရပ်ရှိ လူမှုဘဝလုံခြုံရေး နှင့် ပတ်သက်သောကိစ္စရပ်များတွင် အကြံပေး အဖြစ်ဆောင်ရွက်သည်။ အရှေ့တောင်အာရှဒေသတွင် ၂၀၀၂ခုနှစ်မှာ စတင်ကာ အခြေချပြီး စင်ကာပူ အမျိုးသားတက္ကသိုလ်မှ ပါရဂူဘွဲ့ကို အာရှရေးရာ ပထဝီဝင်နိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေများမှ မြန်မာ့နိုင်ငံဖြတ်ကျော်တက်ကြွလှုပ်ရှားမှုဖြင့် ရရှိခဲ့သည်။ သူမသည် အာရှဒေသတွင်း အမျိုးသမီး၏များခေါင်းဆောင်မှုဆိုင်ရာ နှင့်စပ်လျဉ်းပြီး Lee Kuan Yew School of Public Policy (LKYSPP) တွင် နှစ်နှစ်ကြာ စာတမ်းပြုစုခဲ့ပြီး ကျောင်းက ထုတ်ဝေသည့် အစီရင်ခံစာတွင် ယင်းအကြောင်းအရာ ကို ပူးတွဲရေးသားခဲ့သည်။

# Konrad-Adenauer-Stiftung- အဖွဲ့အစည်း အကျဉ်း

လွတ်လပ်မှု၊ တရားမျှတမှု၊ စည်းလုံးညီညွတ်မှုကို အခြေခံသော မူများဖြင့် Konrad-Adenauer-Stiftung-KAS ခေါ်(န်)ရာ့(ဒ်)အာဒင်နိုအာစတစ်တန် အဖွဲ့အစည်းကို လုပ်ဆောင်ပါသည်။ Konrad-Adenauer-Stiftung (KAS) သည် နိုင်ငံရေး အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဂျာမနီ ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံ (CDU) နှင့် ပူးပေါင်း ဆောင်ရွက်မှု ရှိပြီး ၎င်း၏ တန်ဖိုးများကို အလေးထား လိုက်နာ ကျင့်သုံးလျက် ရှိသည်။ Konrad Adenauer (၁၈၇၆ ခုနှစ် -၁၉၆၇ ခုနှစ်) သည် ဂျာမနီ ဖက်ဒရယ် သမ္မတ နိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သည်။ ဂျာမနီနိုင်ငံကို နာဇီအာဏာရှင်စနစ်၏ လက်အောက်မှ ပြန်လည် ထူထောင်သည့် ကာလဖြစ်သည့် ၁၄ နှစ်ကြာ အုပ်ချုပ်သည့် သက်တမ်းအတွင်း ဥရောပနိုင်ငံများတွင် စီးပွားရေးအင်အားကို အတောင့်တင်းဆုံး ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဥရောပ၏ ထိပ်ပိုင်း ခေါင်းဆောင်တစ်ဦး အဖြစ်လည်း ရပ်တည်နိုင်ခဲ့သည်။ ဩဇာကြီးမားသော ဝန်ကြီးချုပ်တစ်ဦးအဖြစ် ရပ်တည်နိုင်မှုကြောင့် ဂျာမနီနိုင်ငံ၏ ရေရှည် ပြန်လည် ထူထောင်ရေးနှင့် နိုင်ငံတကာ အဝန်းအဝိုင်းကြား ပြန်လည် သင့်မြတ်ရေးကို စွမ်းဆောင်နိုင်ခဲ့သည်။ ဖောင်ဒေးရှင်းအနေဖြင့် ပြည်တွင်းရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံခြားရေး မူဝါဒများနှင့် ပတ်သက်၍ လတ်တလော ကိစ္စရပ်များတွင် လက်တွေ့ကျကျ အဖြေရှာနိုင်မည့် သဘောတရားများနှင့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးလျက်ရှိသည်။ ရုံးခွဲပေါင်း ၁၀၀ ဖွင့်လှစ်ပြီး နိုင်ငံပေါင်း ၁၂၀ ကျော်တွင် ဒီမိုကရေစီ ခိုင်မာအားကောင်းလာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှု အခြေပြု ဈေးကွက်စီးပွားရေး စနစ်များ တိုးတက်လာရေးတို့ကို တွန်းအားပေးသော စီမံကိန်းများကို ကြီးကြပ်စီမံခန့်ခွဲပေးလျက်ရှိသည်။ ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှုများ ခိုင်မာအားကောင်းလာစေရန်အတွက် ယဉ်ကျေးမှုနှင့် ဘာသာရေး အပြန်အလှန် နားလည်မှုကို အခြေခံသော ဆွေးနွေးဖလှယ်မှုများကို နိုင်ငံအဆင့်သာမက နိုင်ငံတကာကြားတွင်ပါ တွန်းအားပေး လုပ်ဆောင်လျက်ရှိပါသည်။

လူမှုတရားမျှတရေးနှင့်ဒီမိုကရေစီဆိုင်ရာ လွတ်လပ်ခွင့်များ ဖော်ဆောင်ရာတွင် လူသားများသည်သာ ကနဦးကျသည် ဟူသည့် ယုံကြည်မှု လမ်းစဉ်ဖြင့် ရေရှည် ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးလုပ်ဆောင်မှုများကို မြှင့်တင်ဆောင်ရွက်ပေးပါသည်။ နိုင်ငံရေးနှင့် စီးပွားရေး ရပ်ဝန်းများ ရှင်သန် အားကောင်းနိုင်စေရန် လူမှု အသိုင်းအဝန်းတွင် နေထိုင်ကြသူများအားလုံး မိမိတို့ တာဝန်များကို အတူတကွ ကျေပွန်စွာ လုပ်ဆောင်ကြမည်ဖြစ်သည်။ နိုင်ငံ့အရေးကိစ္စများကို မည်သို့ အကောင်အထည်ဖော် လုပ်ဆောင်ရမည်ဆိုသည့် အသိပညာ၊ ဗဟုသုတများကို အခြေခံပြီး ပို၍ သာတူညီမျှသော ရေရှည် ဂေဟစနစ် မပျက်ယွင်းသော၊ လူမှုသဟဇာတဖြစ်သော၊ စီးပွားဖြစ်ထွန်းသော လူ့အဖွဲ့အစည်းကို ပုံဖော်ရမည်ဖြစ်ပါသည်။

အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ အရပ်ဖက် အဖွဲ့အစည်းများ၊ မီဒီယာများ နှင့် အကြံပေး အဖွဲ့ များဖြင့် ပူးပေါင်း ချိတ်ဆက်ကာ လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတွင်းနှင့် နိုင်ငံတကာ အချင်းချင်း ကူးလူးဆက်ဆံမှု ပိုမိုအားကောင်းလာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ပိုမို ပူးပေါင်း ဆောင်ရွက်လာနိုင်စေရေးတို့သည် ဖောင်ဒေးရှင်း၏ ပန်းတိုင်ပင်ဖြစ်သည်။ ထိုသို့အကောင်အထည်ဖော်နိုင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်မည်ဖြစ်ပါသည်။

KAS သည် မြန်မာ့နိုင်ငံအရေးကို (၂၀၁၆) ခုနှစ်မှ စ၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ စီမံကိန်းများမှာ အောက်ပါ ဦးတည်ချက်များအပေါ်တွင် အခြေခံထား၍ လုပ်ဆောင်ပါသည်။

ဒီမိုကရေစီ စနစ်ထွန်းကားရေး၊ နိုင်ငံရေး ပါတီများနှင့် နိုင်ငံပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ပံ့ပိုးမှုပေးခြင်း။

နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားပေးခြင်း။

ရေရှည် တည်တံ့သော စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးကို အခြေပြုသော လူမှု အခြေပြု ဈေးကွက်စီးပွားရေး စနစ်ကို မြှင့်တင်ဖော်ဆောင်ပေးခြင်း။

ဂျာမနီ၊ဥရောပနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအချင်းချင်းကြားတွင် ဒီမိုကရေစီခိုင်မာအားကောင်းရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အပံ့ပေးသော မူများကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ယန္တရားများ အကောင်အထည်ဖော်လုပ်ဆောင်ပေးခြင်း။

For more information please visit: https://www.facebook.com/kas.myanmar/

https://www.kas.de/web/myanmar/home

# အကျဉ်းချုပ်

အမျိုးသမီးများ၏ခေါင်းဆောင်မှုသည်စီးပွားရေးကိစ္စရပ်များဖြစ်သည့်ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာမှုများ၊ ငြိမ်းချမ်းရေးလေ့လာမှုများနှင့် အမျိုးသမီးများ၏ ပုဂ္ဂလိက ဦးဆောင်ဦးရွက်ပြုမှုနေသည့် အခြားနယ်ပယ်များတွင် ကာလရှည်ကြာ ရလဒ်ကောင်းများ ရရှိခဲ့သည်ကို အထင်အရှား မြင်တွေ့ရပေသည်။ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) ၏ ၂၀၁၇ခုနှစ် ကျား/မ မညီမျှမှုအညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် ၁၈၉ နိုင်ငံအနက် ၁၀၆ အဆင့်သာရှိပြီး လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတွင် ၁၄၈ သာရှိသဖြင့် အခြားနိုင်ငံအများစု၏ အညွှန်းကိန်းများထက် နိမ့်ကျ နေပါသည်။[1] ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများတန်းတူပါဝင်မှုသည် ပဋိပက္ခဖြေရှင်းခြင်း ကိစ္စရပ်များ၊ ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီစနစ်ကျင့်သုံးမှု၊ ဥပဒေပြုပြင်ပြောင်းလဲမှု၊ သဘာဝအရင်းအမြစ် ညီတူညီမျှ စီမံခန့်ခွဲခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်လုံး စသည်တို့နှင့် သဘောသဘာဝနှင့် ရလဒ်များ အပေါ် အပြောင်းအလဲ ဖြစ်စေမည်ဖြစ်ပါသည်။ ယနေ့အချိန်ထိတိုင်အောင် အမျိုးသမီးများသည် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်မားနေရာများတွင် ချန်လှပ်ထားခြင်းခံနေရပြီး လွှတ်တော်ကိုယ်စားလှယ်နေရာတွင် အမျိုးသမီးများ၏ ရာခိုင်နှုန်းသည် ၁၀ ရာခိုင်နှုန်း ဝန်းကျင်သာရှိနေပါသည်။ ဒုတိယအဆင့် စီမံခန့်ခွဲမှုတွင် နိုင်ငံရေးနှင့်နီးနွယ်သည့် အသက်မွေးဝမ်းကြောင်း အတွေ့အကြုံနှင့် ပညာရည်မြင့်မားသော အမျိုးသမီး အရေအတွက် တိုးတက်လာခြင်း၏ အပြုသဘောဆောင်သော လမ်းကြောင်းကို ၂၀၂၀ ခုနှစ်တွင် နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ ပြောင်းလဲလိုမှုအတွက် အနှုတ်သဘောဆောင်သော လမ်းကြောင်းများက တန်ပြန်ထိန်းညှိ နိုင်ခြေရှိနေပါသည်။

အစီရင်ခံမှု တစ်လျှောက်လုံးတွင် အပြောင်းအလဲမရှိသော အဓိကအကြောင်းအရင်းမှာ အပြန်အလှန်အားဖြင့် တစ်ဖက်တွင် လူမှုရေးဆိုင်ရာကျင့်သုံးမှုများနှင့် ကန့်သတ်ထားသော ကျားမဆိုင်ရာ ယဉ်ကျေးမှုစံနှုန်းများ၏ အပြန်အလှန် သက်ရောက်မှုရှိသော ကိစ္စရပ်များရှိပြီး အခြားတစ်ဖက်တွင် တပ်မတော်၏ ပါဝင်မှုမှာလည်း နေရာအနှံ့ကျန်ရှိနေဆဲဖြစ်ပါသည်။ အမျိုးသမီးများအပြင် လူ့အဖွဲ့စည်းအများစုသည် အမျိုးသားထု၏ လွှမ်းမိုးမှုနှင့် ဖိနှိပ်မှုများကို ကြီးမားစွာရင်ဆိုင်ရပါသည်။ အနှုတ်သဘောဆောင်သော ကျားမဘက်လိုက်မှုကို ဖယ်ရှားနိုင်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲခြင်းကို အချိန်ယူတည်ဆောက်ရမည်ဖြစ်သည့် အပြင် တပ်မတော်အနေဖြင့် ၎င်း၏အထူးလုပ်ပိုင်ခွင့်အာဏာများကို စွန့်လွှတ်ရန်နှင့် အရပ်သားများအား အခွင့်အလမ်းပေးရန်၊ ကျားမမညီမျှမှုများကို ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း သဘောတူရန် ဖြစ်နိုင်ချေအလွန် နည်းပါးနေပေသည်။

မြန်မာနိုင်ငံ၏ တည်ဆဲကျားမရေးရာမူဝါဒနှင့် ဥပဒေ ယန္တရားများကို ခဲယဉ်းစွာ အကောင်အထည်ဖော်ဆောင် ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံရေးစိတ်ဓာတ်နှင့် ဦးစားပေးခြင်း ကင်းမဲ့ခြင်းသည် အမျိုးသားရေး တက်ကြွလှုပ်ရှား သူများအကြားတွင်ပင် ကျားမရေးရာနှင့် ပဋိပက္ခခေတ်ရေစီးကြောင်းများ အသီးသီးလွဲမှားနေခြင်း၊ မညီမျှမှု၊ ပဋိပက္ခနှင့် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်း စသည်တို့ကို အားပေးအားမြှောက်ပြုရာရောက်သည့် အကြောင်းအရင်းမှာ အသိပညာပေးမှုကင်းမဲ့ခြင်းကြောင့် အခြေတည်ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ ထို့ပြင် ဘတ်ဂျက်နှင့် တရားဝင်ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များကို အမျိုးသားများကသာ အဓိကဦးဆောင်ပြီး အမျိုးသားအထူးအခွင့်အရေးများနှင့်လိုအပ်ချက်များကို ဆက်လက်တည်တံ့နေစေသည် ဆိုရမည်ဖြစ်ပါသည်။

(1) UNDP Table 5: Gender Inequality Index 2017. http://hdr.undp.org/en/composite/GII (accessed 2 July 2019).

ထို့ကြောင့် ကျားမအလေးပေးမှုရှိသောဘတ်ဂျက်ရေးဆွဲခြင်း (GRB) သည် ကျားမမညီမျှမှုအတွက်သာမက အခြားသောအားနည်းချက်များဖြစ်သော မြန်မာနိုင်ငံရှိ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အစိုးရ၏ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အဂတိလိုက်စားမှုနှင့် ရွေးကောက်ပွဲကတိများနှင့် တစ်သားတည်းရှိနေသော အများပြည်သူဝန်ဆောင်မှုပေးခြင်းများကိုလည်း ပြုပြင်ရန် အရေးပါသော ကိရိယာတစ်ခုဖြစ်လာနိုင်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံများအကြောင်းနမူနာများသည် ဖက်ဒရယ်စနစ်ကျင့်သုံးသောနိုင်ငံများတွင် GRB အကောင်အထည်ဖော်ခြင်းသည် နိုင်ငံတော်အဆင့်မဟုတ်သည့်အဆင့်နှင့် အောက်ခြေအဆင့်များတွင် ကျားမဆိုင်ရာဘတ်ဂျက်ကို တန်းတူရည်တူဖြစ်စေခြင်းအားဖြင့် ဘဏ္ဍာရေးဆိုင်ရာဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချခြင်းကို မည်သို့တိုးတက်စေနိုင်ကြောင်း ဖော်ပြပါသည်။

တောင်ကိုရီးယားဖြစ်ရပ်သည် အကျိုးပြုသောအစိုးရ၏ ကတိကဝတ်နှင့် အစိုးရအပေါ် စိတ်ချယုံကြည်မှုတိုးတက်စေနိုင်ပြီး ကြီးမားကျယ်ပြန့်သော သုတေသနနှင့် အများပြည်သူဆိုင်ရာ ညှိနှိုင်းတိုင်ပင်ခြင်းအပေါ်အခြေခံသော GRB ၏ တရားဥပဒေဆိုင်ရာ ထောက်ပံ့ပေးမှု အသေးစိတ်အချက်များကို ပြညွှန်ပါသည်။ အိန္ဒိယနိုင်ငံ နမူနာဖြစ်ရပ်သည် စွမ်းအင်ကဲ့သို့သော “ကျားမရေးရာ ကြားနေမှုရှိသော” ဝန်ကြီးဌာနများတွင် GBR ခေတ်ရေစီးကြောင်းသည် အမျိုးသမီးများ၏ လိုအပ်ချက်များကို ထုတ်ဖော်နိုင်သောမူဝါဒများ ရေးဆွဲရန် မည်ကဲ့သို့ကူညီကြောင်း သက်သေပြပါသည်။ အခြေခံအားဖြင့် အမျိုးသမီးများ၏ လိုအပ်ချက်များတွင် ယင်းတို့သားသမီးများ၏လိုအပ်ချက်များနှင့် ယင်းတို့၏ ကြီးမားသော အသိုင်းအဝိုင်းကိုပါ အမြဲတစေ ထည့်သွင်းစဉ်းစား ရန်လိုအပ်မည်ဖြစ်ပါသည်။

အစီရင်ခံစာ၏ အဓိကအကြံပြုချက်များတွင် ပါဝင်သည့် အချက်များမှာ–

- ဥပဒေ၊ ဘဏ္ဍာရေးနှင့် အလုံးစုံမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပေါ် အခြေခံသော ပြည့်စုံကောင်းမွန်သည့် ကနဦးခြေလှမ်းတစ်ရပ် စတင်နိုင်ရေးအတွက် အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများနှင့် ကိုးကွယ်ရာဘာသာရေးလူနည်းစုများမှ ဘေးဖယ်ခံထားရသော အမျိုးသမီးအများစုကို အခြားလူဦးရေ ထက်ဝက်အချိုးအစားတွင် ထည့်သွင်းပါဝင်နိုင်စေရန် နိုင်ငံ့ခေါင်းဆောင်များအား ခေါ်ယူတွေ့ဆုံခြင်း။
- အထူးလုပ်ပိုင်ခွင့်မှတစ်ဆင့် မျိုးဆက်သစ် အမျိုးသမီးခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်များ၊ အမျိုးသမီးအကြံပေးလမ်းညွှန်ကွန်ယက်များ၊ ဘဏ္ဍာရေး၊ ဥပဒေနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များ ဖန်တီးခြင်း။
- လွှတ်တော်တွင်းရှိအရေးကိစ္စများအားလုံးတွင် ကျားမရေးရာအထိခိုက်မခံသောမူဝါဒများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးတွင်ဘက်စုံပါဝင်နိုင်ရန်၊ တိုင်းရင်းသားပေါင်းစုံနှင့် ဘာသာပေါင်းစုံလမ်းကြောင်းပုံစံ တစ်ရပ်ထူထောင်နိုင်ရန် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအား ပံ့ပိုးကူညီပေးခြင်းနှင့် မတူညီသောစရိုက်လက္ခဏာ အများအပြားရှိနေသော်လည်း တူညီသည့်ဘုံအကျိုးစီးပွား သတ်မှတ်နိုင်ရေးအတွက် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များကို ပံ့ပိုးကူညီပေးခြင်း။
- တည်ဆဲ ဘတ်ဂျက်လုပ်ငန်းစဉ်တွင် GRB လုပ်ငန်းစဉ်ကို မည်သို့မည်ပုံ ပေါင်းစည်းရမည်အပေါ် အကြံပြုချက်များပေးခြင်း။

# နိဒါန်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စီမံခန့်ခွဲမှုအောက်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရွေးကောက်တင်မြှောက်ခံရပြီး စစ်တပ်မဟုတ်သောအမျိုးသမီးများ (၂၀၁၅-၂၀၂၀) လွှတ်တော်ထဲသို့ ဝင်ရောက်ခွင့်ရရှိခဲ့ကြပေသည်။ ၂၀၂၀ နှောင်းပိုင်းတွင် ကျင်းပမည့် နောက်ရွေးကောက်ပွဲများအပြီးတွင် ယင်းအမျိုးသမီးများအနေဖြင့် ယင်းတို့၏ လွှတ်တော်ကိုယ်စားလှယ်နေရာများကို မည်သို့မည်ပုံ ဆက်လက်ထိန်းသိမ်းထားရှိပြီး ယင်းတို့၏နိုင်ငံရေးဆိုင်ရာ အသက်မွေးဝမ်းကြောင်းမှုများကို မည်သို့မည်ပုံ တိုးတက်အောင် ဆက်လက်လုပ်ဆောင်ကြမည်ဟူသည့်အချက်မှာ မေးခွန်းထုတ်စရာဖြစ်နေပါသည်။ ယနေ့အထိ အမျိုးသမီးနိုင်ငံရေး ခေါင်းဆောင်စာရင်း ကောက်ယူထားမှုနှင့်စပ်လျဉ်း၍ မည်သည့်ဗျူဟာများနှင့်မူဝါဒများသည် အမျိုးသမီးများအား လွှတ်တော်အတွင်းသို့ ဝင်ရောက်လာနိုင်မည့်နည်းလမ်းကို လမ်းဖွင့်ပေးမည်နည်း။[(2)]

အမျိုးသမီးများသည် လူနည်းစုမဟုတ်ကြပါ။ လူဦးရေ၏ ၅၂ ရာခိုင်နှုန်းရှိပါသည်။ သို့ရာတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အချိုးအစားသည် နိုင်ငံတော်အဆင့်နှင့် နိုင်ငံတော်အဆင့်အောက်ရှိ အဆင့်များတွင် စုစုပေါင်း (ရွေးကောက်ခံနှင့် ခန့်အပ်ခြင်းခံရသော) လွှတ်တော်ကိုယ်စားလှယ်နေရာ၏ မြန်မာ့အစိုးရအဖွဲ့အစည်း၊ မူဝါဒပိုင်းများနှင့် နိုင်ငံရေးမှ ဘေးဖယ်ထားကြသည် သို့မဟုတ် ဖယ်ကြဉ်ခြင်း ခံခဲ့ကြရပေသည်။

- တပ်မတော်မှ အမျိုးသားများအတွက် အစိုးရ၏ ထိပ်ပိုင်းနေရာများကို ၁၉၆၂ ခုနှစ် မှ ၂၀၁၀ ခုနှစ်အထိ စစ်စည်းကမ်းစည်းကမ်းများနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တိုက်ရိုက်အားဖြင့် သော်လည်းကောင်း သွယ်ဝိုက်အားဖြင့်သော်လည်းကောင်း လျာထားခဲ့ကြပါသည်။
- တပ်မတော်မှ ခန့်အပ်ခံရသူများအတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် ၂၅ ရာခိုင်နှုန်း လွှတ်တော်ကိုယ်စားလှယ်နေရာများကို လျှာထားခဲ့ကြသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေအရ အဓိကဝန်ကြီးဌာနများဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနများကို တပ်မတော်မှ တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင်ရှိနေစဉ် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံခန့်ခွဲမှု အပိုင်းများရှိ ရာထူးအဆင့်မြင့်နှင့် အလယ်လတ်ရာထူးရှိကြသူများမှာ စစ်တပ်မှ အငြိမ်းစားအရာရှိ များဖြစ်ကြပါသည်။
- တပ်မတော်နှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များ (ဒုတိယအုပ်စုတွင် အမျိုးသမီးပါဝင်မှုသည် တပ်မတော်ထက် ပိုမိုများပြားမှုရှိသည်)။
- စစ်ခုံရုံးနှင့်တရားစီရင်ရေး။
- မူဝါဒများနှင့်ဘတ်ဂျက်များသည် ဆယ်စုနှစ်ကြာအောင် စစ်တပ်အကျိုးစီးပွားအတွက် ဦးစားပေးရေးဆွဲခဲ့ကြပြီး ယခုအခါ အမျိုးသားဦးစားပေးအမြင် ထင်ဟပ်နေဆဲဖြစ်ပါသည်။
- မီဒီယာများတွင် လက်တွေ့ကျင့်သုံးသူများနှင့် အကြောင်းအရာကိုအစီရင်ခံသူများအားလုံး။

(2) *Women from ethnic and religious minorities deserve particular attention but the scarcity of ethnic- and gender-disaggregated data leaves much to speculation. An intersectional approach to women in parliament was not possible with the secondary data available for this report.*

- ကြီးစဉ်ငယ်လိုက်ပုံစံ၊ ခေါင်းဆောင်မှုပိုင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထက်အောက်ပုံစံများကို အာမခံချက်ပေးနေသော လူမှုရေးစံနှုန်းများနှင့် ယဉ်ကျေးမှုအလေ့အထများ နက်ရှိုင်းစွာ အမြစ်တွယ်နေသော လူ့အဖွဲ့ အစည်းနေရာများတွင် အိမ်ထောင်စုတစ်ခု၏ အကြီးအကဲများမှာ အဓိကအားဖြင့် အမျိုးသားများဖြစ်ကြပါသည်။

ဆုံးဖြတ်ချက်ချမှတ်နိုင်သော နေရာအနည်းငယ်နှင့်အတူ အမျိုးသမီးများသည် အဓိကဆက်စပ်ဖြစ်စဉ်များဖြစ်သော ဒီမိုကရေစီအသွင်းပြောင်းခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချခြင်းနှင့် ဖက်ဒရယ်ဝါဒကျင့်သုံးခြင်းနှင့် ကြီးမားသောစီးပွားရေးတိုးတက်မှု အပေါ်တွင်သာ လွှမ်းမိုးမှုအနည်းငယ်သာရှိကြပါသည်။ ထိုနေရာများအစား ပြည်တွင်းလူ့အဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းများ နှင့်ပုဂ္ဂလိကအခန်းကဏ္ဍများတွင် အမျိုးသမီးများသည် ခေါင်းဆောင်ပိုင်းသို့ ရောက်ရှိကြသည်။

အကောင်းဆုံးလုပ်ငန်းဆောင်ရွက်သော တိုင်းပြည်၏ အသင်းအဖွဲ့ကြီး (၂) ခုဖြစ်သည့် နိုင်ငံနှင့် လူမှုအဖွဲ့အစည်းတွင် အမျိုးသားများက လွှမ်းမိုးချုပ်ကိုင်သည် ဟူသည့်အချက်သည် အံ့သြဖွယ်မဟုတ်ပါ။ နှစ်ရာပေါင်းများစွာကပင် စစ်တပ်နှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ပါဝင်သော အမျိုးသားအသင်းအဖွဲ့ကြီးကြောင့် လူ့အဖွဲ့အစည်းသည် ဘေးဖယ်ထားခြင်းခံရပြီဖြစ်ပါသည်။ နှစ်ခုလုံးသည် အမှန်စင်စစ်အားဖြင့် တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံနိုင်ငံတွင် ဗမာဗုဒ္ဓဘာသာ တိုင်းပြည်ကြီးတစ်ခုအဖြစ် နောက်ကြောင်းမှုကို အားပေးနေပါသည်။ သို့ရာတွင် အခြားဘာသာဝင်များ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများတွင် ကျားမတန်းတူညီမျှရှိမှုကို ပိုကောင်းစွာ တွေ့ကြုံရမှု နည်းပါးနေသေးပေသည်။

တပ်မတော်နှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား အင်အားမညီမျှမှုနှင့် ပက်သက်၍ နိုင်ငံရေးစီစဉ်မှု အပြောင်းအလဲလုပ်သည့်အချိန်တွင် ကျားမရေးရာကိစ္စများပါဝင်သည့် တည်ရှိဆဲဖြစ်သောစီစဉ်မှုများကို အညီအမျှပြောင်းလဲရန်အချိန်ဖြစ်သည်။ အမျိုးသမီးများနှင့်အခြားဘေးဖယ်ခံထားရသောအုပ်စုများသည် စားပွဲဝိုင်းတွင် မှန်ကန်သောနေရာရရှိရန် တွန်းအားပေးသင့်ပါသည်။ နိုင်ငံရေးအသွင်းပြောင်းလဲမှု သဘောတရားတွင် အသွင်ပြောင်းလဲနေစဉ်အတွင်း အမျိုးသမီးအရေးကိစ္စများနှင့် ပတ်သက်၍ မရေရာသောကိစ္စများ ကျန်ရှိနေလေ့ရှိတတ်သည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲကို အခြေခံလျက် လွှတ်တော်များကို ယခုအခါ တက်ကြွလှုပ်ရှားသူများပါသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားပြီး လွှတ်တော်ကိုယ်စားလှယ် အများစုသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ တိုင်းရင်းသားအရေးနိုင်ငံရေး လှုပ်ရှားသူများ၊ တပ်မတော်နှင့် တပ်မတော်သားကိုယ်စားလှယ်များနှင့် နီးကပ်သောသူများဖြစ်ကြသည်။ ဤအချက်သည် အရင်ကထက်ပို၍ ကွဲပြားမှုများရှိလာခြင်းကို ဆိုလိုသည်။ ဤလွှတ်တော်ကိုယ်စားလှယ်များသည် အထူးသဖြင့် ဗမာ့နိုင်ငံရေး သမိုင်းကြောင်းနှင့် ယေဘုယျအားဖြင့် နိုင်ငံရေး စနစ်များမှ ပိုမိုအသိပညာဗဟုသုတရရှိ အကျိုးဖြစ်ထွန်းလိမ့်မည်။ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအတွက် ၂၀၁၉ခုနှစ် ဇွန်လတွင် ကျင်းပသော KAS အလုပ်ရုံဆွေးနွေးပွဲအတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်မှ အခြားတိုင်းပြည်များရှိ လွှတ်တော်များတွင် တပ်မတော်သားကိုယ်စားလှယ်ပါဝင်ခြင်း ရှိ မရှိ လျှပ်တပြက်မေးမြန်းမှုများရှိပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် အများပြည်သူအား သတိမူခြင်းမရှိဘဲ စစ်တပ်ကသာ အုပ်ချုပ်စီမံသော နိုင်ငံအနည်းငယ်ရှိပါသည်။ ထိုနိုင်ငံတွင် စစ်တပ် နှင့်စီးပွားရေးသည် အလွန်ဆက်နွယ်မှုရှိပါသည်။ ယင်းလွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံ၏ကဏ္ဍပေါင်းစုံတွင် ပျံ့နှံ့နေသော စစ်တပ်၏ပါဝင်မှုကို ပကတိအတိုင်း ထင်ဟပ်စေပါသည်။

မတူညီသောပြည်နယ်အများစု၏ ရှုပ်ထွေးသော နိုင်ငံရေးသမိုင်းကြောင်း၏ အမွေဖြစ်ဟန်တူပြီး အစိုးရက တိုက်ရိုက်မအုပ်ချုပ်သောပြည်နယ် အုပ်စုများအနေဖြင့် အပြည့်အဝနားလည်နိုင်မည် မဟုတ်ပေ။ လက်ရှိမြန်မာနိုင်ငံ လွှတ်တော်ထဲတွင် ဆယ်စုနှစ်ကြာ စိတ်ပိုင်းဆိုင်ရာ အမာရွတ်များ စီစစ်ဖြတ်တောက်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ နက်နက်ရှိုင်းရှိုင်း မယုံကြည်မှုနှင့် တစ်ဦး၏အရေးကိစ္စကို အခြားတစ်ဦးမှ လျစ်လျူရှုခြင်းတို့သည် အထူးအားဖြင့် ဗမာလူမျိုးများနှင့် အခြားလူမျိုးများအကြား ရှိနေဆဲပင်ဖြစ်သည်။

အများပြည်သူနှင့်ဆိုင်သော အုပ်ချုပ်စီမံခန့်ခွဲမှုများအပါအဝင် တစ်နိုင်ငံလုံး၌ စစ်တပ်ပါဝင်မှု လျှော့ချခြင်း ဆောင်ရွက်ရာတွင် ရင်းနှီးကျွမ်းဝင်မှု၊ ဆင်ဆာဖြတ်တောက်ခံရမှု၊ အတိတ်ရှိ သမာသမတ်ကျသော အသိပညာစသည်တို့ လိုအပ်မည်မဟုတ်ပေ။ အမျိုးသမီးများ၊ အမျိုးသားများ၊ လွှတ်လပ်ရေးနှင့် အခြားအမျိုးသား ခေါင်းဆောင်များ၊ ပညာတတ်များနှင့် အနုပညာရှင်များအား သမိုင်းစာအုပ်များတွင် အသိအမှတ်ပြုခြင်းအားဖြင့် အမျိုးသမီးများနှင့် အမျိုးသားများသည် အမျိုးသမီးများ၏ ခေါင်းဆောင်မှုသည် နိုင်ငံခြားအယူအဆ အသစ်မဟုတ်ဘဲ သမိုင်းဝင်အဖြစ်မှန်များအဖြစ် သတ်မှတ်ခြင်းကိုဆိုလိုသည်။

မိန်းကလေးများနှင့် အမျိုးသမီးများသည် ကျောင်းများနှင့် တက္ကသိုလ်များတွင် ပိုမိုကောင်းမွန်စွာ စွမ်းဆောင်နိုင်ကြသော်လည်း အမျိုးသမီးများကို အမျိုးသားများနှင့်ယှဉ်လျှင် စွမ်းဆောင်ရည်ပိုမိုနိမ့်ပါးသည်ဟု ထည့်သွင်း သတ်မှတ်ခြင်းခံရပါသည်။ အခြေခံအားဖြင့် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအပေါ် ယင်းတို့၏ အမျိုးသားလုပ်ဖော်ကိုင်ဖက်များနှင့် နှိုင်းယှဉ်လျှင် တူညီသော အရည်အချင်းကင်းမဲ့လေ့ရှိပါသည်။ အမျိုးသမီးများသည် အများအားဖြင့် သူတို့ကိုယ်သူတို့ လေးစားတန်ဖိုးထားခြင်းနှင့် ထုတ်ဖော်ပြောဆိုဆောင်ရွက်ခြင်း တို့တွင် ယုံကြည်ချက်ရှိပါသည်။ ထို့ကြောင့် အမျိုးသမီးများအတွက် ကွဲပြားခြားနားသော စွမ်းဆောင်ရည် လေ့ကျင့်သင်တန်းများ မလိုအပ်မည်မဟုတ်ပေ။ သို့ရာတွင် သူတို့သည် ဥပဒေ၊ ဘတ်ဂျက်၊ လေးစားမှုနှင့် အထူးအားဖြင့် စစ်တပ် ပါဝင်သော နိုင်ငံရေးယဉ်ကျေးမှု အသွင်ပြောင်းလဲခြင်းတို့မှတစ်ဆင့် လုပ်ပိုင်ခွင့်အာဏာ ရရှိရန်လိုအပ်ပါသည်။

မြန်မာ့နိုင်ငံရေးသမားများ၊ စီမံအုပ်ချုပ်သူများနှင့် တက်ကြွလှုပ်ရှားသူများအကြား၌ပင် ကျားမသာတူညီမျှ ရှိရေးကို အသွင်ကူးပြောင်းခြင်း၏ အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းမသတ်မှတ်ကြပေ။

ယင်းကိစ္စရပ်အစား အခြားကိစ္စရပ်များသည် ပိုမိုအရေးကြီးသည်ဟု ထည့်သွင်းစဉ်းစားကြပါသည်။ အထူးသဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ(UNSDGs) အရ လူဦးရေ၏ ထက်ဝက်ခန့်ဖြစ်သော အမျိုးသမီးများ လုပ်ပိုင်ခွင့်စွမ်းရည် မရှိသေးသမျှ ကာလပတ်လုံး မြန်မာနိုင်ငံသည် နိုင်ငံတကာ ကတိကဝတ်များနှင့် ကိုက်ညီမည်မဟုတ်ဘဲ အမျိုးသမီးများ၏ လိုအပ်ချက်များသည်လည်း ဦးစားပေးသတ်မှတ်ချက်အဆင့်အောက်တွင်သာ ဆက်လက်တည်ရှိ နေမည်ဖြစ်သည်။[3]

ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဥပဒေပြုခြင်းနှင့် မူဝါဒရေးဆွဲခြင်း စသည့်လုပ်ငန်းစဉ်များတွင် အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်အပြိုင် ဦးဆောင်ဦးရွက်ပြုနိုင်ရေးအတွက် အုပ်ချုပ်မှု အခန်းကဏ္ဍအားလုံးတွင် အမျိုးသမီးများအတွက် ရည်ရွယ်သော ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ကျားမဆိုင်ရာ ခေတ်ရေစီးကြောင်းကို ဖော်ဆောင်ခြင်းဖြင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်အာဏာပေးအပ်နိုင်ပါသည်။

၁) နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် ကျားမအလေးပေးသော ဘတ်ဂျက်ရေးဆွဲခြင်း၊ ၂) အမျိုးသမီးကိုယ်စားလှယ်လောင်းများကို နိုင်ငံရေးပါတီများတွင် သတ်မှတ်ရွေးချယ်ခြင်းဖြင့်

---

*(3) For selected UN SDG sub-goals relevant to gender-budgeting in Myanmar, see Paul Minoletti, Gender Budgeting (Yangon: The Asia Foundation, August 2019), 10-11.*

အစပြုလျက် ရွေးကောက်ပွဲစက်ဝန်းတစ်လျှောက်လုံးတွင် ကျားမသာတူညီမျှမှုရှိရေးကို မြှင့်တင်ခြင်းတို့ဖြင့် နှစ်ပိုင်း ခွဲခြားထားသောချဉ်းကပ်နည်းသည် အကောင်းဆုံးရလဒ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးနှင့် လူသားလုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အညွှန်းကိန်းများ၏ ဖော်ပြချက်အရ အမျိုးသားခေါင်းဆောင်များ၏ ဦးဆောင်ဦးရွက်ပြုမှုအောက်တွင် ဤနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ကျဆုံး နိုင်ငံအဖြစ် ဆယ်စုနှစ်များစွာ ဖော်ပြသတ်မှတ်ခံခဲ့ရပေသည်။ အမျိုးသမီးများသည် ခွဲခြားခံထားရသော လူမှုအသိုင်းအဝိုင်းအကြား စည်းလုံးညီညွတ်မှုကို အားပေးတိုးမြှင့်ခြင်းဖြင့် အပြောင်းအလဲကို စတင်သော ကိုယ်စားလှယ်များဖြစ်ရန်လိုအပ်သည်။

## အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးအပ်မှုတွင် အလှူရှင်များ၏ အခန်းကဏ္ဍ

၂၀၁၁/၂၀၁၂ ခုနှစ်များအတွင်း[4] အထက်အောက်နိုင်ငံရေး ပြောင်းလဲမှုအစနှင့်အတူ အဓိကနယ်ပယ်များ ဖြစ်သော အထူးသဖြင့် ၁) ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သော အမျိုးသမီးများ ၂) နိုင်ငံရေးပါတီများနှင့် လွှတ်တော်များတွင် ပါဝင်သော အမျိုးသမီးများ ၃) ပြည်ထောင်စုအဆင့်နှင့် ဒေသအဆင့် စီမံခန့်ခွဲမှုတွင် ပါဝင်သောအမျိုးသမီးများနှင့် ၄) ကျားမရေးရာအလေးပေးသောဘတ်ဂျက်ရေးဆွဲခြင်းစသည့် မြန်မာ့နိုင်ငံရေးရှိ အမျိုးသမီးများအပေါ် နိုင်ငံတကာငွေရေး ကြေးရေးဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများသည် သုတေသနလုပ်ငန်းတာဝန်စတင်ခဲ့ကြသည်။

နှေးကွေးသောယဉ်ကျေးမှုပြောင်းလဲခြင်းအမြင်အရ ဖွံ့ဖြိုးတိုးတက်မှုလက်တွေ့ကျင့်သုံးသူများသည် အထူးသဖြင့် ဥပဒေများ၊ မူဝါဒများနှင့်ဘတ်ဂျက်များတွင်တည်မှီ၍ အမျိုးသမီးများ ကိုယ်စားပြုမှုနှင့် တိုးတက်မှုအား ဟန့်တားသည့် အသင်းအဖွဲ့ဆိုင်ရာ အတားအဆီးများကို ဖယ်ရှားခြင်းနှင့် သတ်မှတ်ခွဲခြား ခြင်းဖြင့် ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲကို ဖြည်းညင်းစွာ ဖော်ဆောင်ရကြမည် ဖြစ်ပါသည်။ တစ်ဦးချင်းစီနှင့် အုပ်စုလိုက် သင်တန်းများအရ အစီအစဉ်၏တိုးတက်လာသောအရေအတွက်သည် စားပွဲဝိုင်းတွင် နေရာရရှိရေး၊ သူတို့၏အရည်အချင်းများနှင့်စွမ်းဆောင်ရည်များတွင် ယုံကြည်ချက်ဖွံ့ဖြိုး တိုးတက်လာစေရန် အမျိုးသမီးများအား အထောက်အကူပြုပေးပါသည်။ စီမံကိန်းများသည် ကျယ်ပြန့်သောနည်းပညာသင်တန်းများ၊ လမ်းညွှန်ခြင်းများ၊ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ သိရှိထိတွေ့ခွင့်ရ သောခရီးစဉ်များနှင့် အခြားနည်းလမ်းများ ဆောင်ရွက်ခြင်းမှတစ်ဆင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင် ခြင်းလုပ်ငန်းစဉ်များ အကောင်ထည်ဖော်ပေးပါသည်။[5]

အမျိုးသမီးများ၏အခွင့်အရေးများ၊ ခေါင်းဆောင်မှုနှင့်စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ ပံ့ပိုး ပေးခြင်းဖြင့် အမျိုးသမီးများ၏ အလုံးစုံသော လူမှုနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပါဝင်မှုများကို တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံတကာမှ ထောက်ပံ့ပေးနိုင်သည့် ရန်ပုံငွေပမာဏသည် အထူးအရေးပါပါသည်။

---

*(4) Prior to 2011, women's political agency was analysed in the context of the movement in exile and the women's rights movement. In addition, the majority of academic, NGO and activist publications on women in Myanmar focussed on a) human smuggling/ trafficking, resulting in illegal migration and sex work; b) gender-based violence mostly but not exclusively committed by the Tatmadaw; c) domestic violence; d) gender inequality rooted in cultural norms and resulting practices.*

*(5) WAVE, Akhaya Women and IWDA, Myanmar Women Parliamentarians mentoring pilot program: Increasing the influence of Myanmar's women political leaders through mentoring (Melbourne: International Women's Development Agency IWDA, March 2018).*

ကမ္ဘာလုံးဆိုင်ရာ အလှူရှင်များသည် မိန်းကလေးများနှင့် အမျိုးသမီးများအား တစ်ဦးချင်းထောက်ပံ့ပေး နိုင်သော်လည်း ဒေသခံအဖွဲ့များဝင်များမှ အားပေးထောက်ပံ့နေရသော အမျိုးသမီးများ အခွင့်အရေးဆိုင်ရာ စုပေါင်းလှုပ်ရှားမှုပြုနေသူများအား ရန်ပုံငွေထောက်ပံ့ရန် ပျက်ကွက်ခဲ့ကြသည်မှာ အံ့သြဖွယ်ပင်ဖြစ်ပါသည်။ (6)

အမျိုးသမီးများ၏ သက်ဆိုင်ရာလူ့အသိုက်အဝန်းတွင် လူမှုယဉ်ကျေးမှုအခြေအနေ၊ ဒေသဆိုင်ရာအင်အားဖြစ်တည်နေမှုတွင် ရှိနေသော အတားအဆီးများကို သတိမမူမိကြသော အလှူရှင်များအပေါ် ဝေဖန်ရေးလုပ်နေကြသူများသည် အိမ်ထောင်စု၏ဘဏ္ဍာရေးနှင့် ပိုမိုအရေးကြီးစွာဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် သူတို့ကိုယ်သူတို့နှင့် ယနေ့အချိန်ထိ သူတို့၏အောင်မြင်မှုကို မည်သို့ရှုမြင်ခြင်းနှင့် မကိုက်ညီသော အမျိုးသမီးများ၏လုပ်ပိုင်ခွင့်အာဏာနှင့် ခေါင်းဆောင်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို သိရှိခွင့်ရရန် ကြည့်ရှုကြပါသည်။(7) နိုင်ငံ၏အတိတ်အခြေအနေကြောင့် အလှူရှင်လုပ်ငန်းစဉ်များနှင့် အနောက်တိုင်းအယူအဆများ အခြေခံခြင်း သည် လူမှုရေးလှုပ်ရှားမှုများ၏ လမ်းကြောင်းများကို အကျိုးသက် ရောက်လေ့ရှိပါသည်။(8)

*(6) Angelika Arutyunova and Cindy Clark, Watering the Leaves, Starving the Roots: The Status of Financing for Women's Rights Organizing and Gender Equality (Toronto, Mexico City, Cape Town: AWID, 2013), 17.*

*(7) Maggi Quadrini, Donors Must Work with Women - Not for Women (Tea Circle Oxford, 13 December 2018).*

*(8) Kerstin Duell, 'Sidelined or re-inventing themselves? Exiled Activists in Myanmar's Political Reforms' In Debating Democratization in Myanmar, eds. Nick Cheesman, Nicholas Farrelly and Trevor Wilson. (Singapore: ISEAS, 2014).*

# ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးများ၏ ပါဝင်မှု အနာဂတ်ဖြစ်နိုင်ခြေများ

၂၀၁၅ရွေးကောက်ပွဲသည် (ယနေ့အထိ ပြည့်စုံမှုမရှိသေးသော) ပါဝါလွှဲပြောင်းခြင်းကို လမ်းဖွင့်ပေးခဲ့သည် ဆိုလျှင် နိုင်ငံသည် ဒီမိုကရေစီ အသွင်ပြောင်းရေးဆီသို့ ဦးတည်ရွေ့ရှုနေသလား သို့မဟုတ် အာဏာရှင် ဆန်ဆန် တစ်ဖန်ပြန်လည် ကြိုးပမ်းနေသလား ဟူသည့်အချက်ကို ၂၀၂၀ ရွေးကောက်ပွဲက ဖော်ပြမည်ဖြစ် ပေသည်။ အရပ်ဘက်သို့ကူးပြောင်းခြင်းသည် အရေးယူအပြစ်ပေးခြင်းမဟုတ်ပါ၊ ပါတီစုံဒီမိုကရေစီဆိုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများ၊ လုံခြုံရေးအခန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် နောက်ဆုံးတွင် တပ်မတော်အတွက် ကျန်ရှိနေသော မကောင်းသော အကြောင်းအချက်များပါဝင်သည့် တရားရေးဆိုင်ရာ ဖြည်းညင်းစွာ အသွင်ပြောင်းလဲခြင်း စသည့်ဆောင်ရွက်ချက်များ လုပ်ဆောင်ရန် လိုအပ်မည် ဖြစ်ပါသည်။ အချို့သောနိုင်ငံရေးပါတီများက ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွင်ရှိနေသော စစ်တပ်ဘက်မှခန့်အပ် ထားသည့် ကိုယ်စားလှယ်များကို ဖယ်ရှားရန်အကြံပြုနေသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် ကိုယ်စားလှယ်များကို ဖြည်းဖြည်းချင်းလျှော့ချရန်နှင့် အင်ဒိုနီးရှားနှင့်အလားတူ ၂၀၃၅ မတိုင်မီ တပ်မတော်ဘက်မှ လွှတ်တော်ကိုယ်စားလှယ်များကို ရပ်ဆိုင်းရန် ဟူသောအချက်ကို သတိကြီးစွာဖြင့် အကြံပြုခဲ့ပေသည်။[9]

၁၉၉၀ ရွေးကောက်ပွဲမှ ဆက်ခံပေါက်ဖွားလာသည့် ပါတီများမှတစ်ပါး– အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ စစ်တပ်ဦးဆောင်သောပါတီများ၊ ၈၈ မျိုး ဆက်များနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများသည်သာလျှင် မြန်မာနိုင်ငံ၏ အဓိကပါတီများအနေဖြင့် ၂၀၁၀နှင့် ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင် ပေါ်ထွက်လာခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် ပါတီမူဝါဒကြေညာစာတမ်း လူသိထင်ရှား ထုတ်ဝေခဲ့သော ပါတီအနည်းငယ်သာလျှင် ပါတီမူဝါဒများအား အသေးစိတ် ချပြနိုင်ကြသည့်အပြင် ကျားမရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပါတီမူဝါဒ ဆိုင်ရာ ဦးစားပေးမှုအနည်းဆုံး ဖြစ်နေပါသည်။

ကိုယ်စားလှယ်များအကြားတွင် ကျားမတန်းတူညီမျှရှိမှုအရ ပါတီခေါင်းဆောင်များသည် စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်များနှင့်အညီ ကိုယ်စားလှယ် နေရာခွဲတမ်း သတ်မှတ်ပေးရန် သဘောမတူညီမှုများရှိနေပါသည်။ သို့ရာတွင် ပါတီအနည်းစုကသာ ၂၀၁၅တွင် အမျိုးသမီးလွှတ် တော်ကိုယ်စားလှယ် အနည်းငယ်အတွက်သာ ကိုယ်စားလှယ်နေရာခွဲတမ်းများကို ဆန္ဒအလျောက် ချမှတ်ခဲ့ကြပါသည်။[10] ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့သည် အမျိုးသမီးပါဝင်မှု တိုးတက်မြင့်မားလာစေရေးအတွက် အရပ်ဘက်လူမှုအဖွဲ့စည်းများနှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်နေကြပေသည်။ သို့ရာတွင် ပျမ်းမျှအရေအတွက်ထက် ပိုများနေသော်လည်း ၂၀၁၅ ခုနှစ်တွင် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့၏ ရွေးကောက်ခံ အမျိုးသမီးအရေအတွက်သည် ၁၆.၇ရာခိုင်နှုန်း ရှိပါသည်။[11] ၂၀၂၀ ရွေးကောက်ပွဲအတွက် တိုင်းရင်းသားနိုင်ငံရေးပါတီများမှ အမျိုးသမီးများသည် ပါတီခေါင်းဆောင်မှု အပိုင်းနှင့် UECတွင် အမျိုးသမီးပါဝင်မှု တိုးမြင့်လာစေရန် ၃၀ ရာခိုင်နှုန်းသော ခွဲတမ်းရရှိနိုင်ရန် တောင်းဆိုနေလာကြပါသည်။[12]

---

*(9) Phyo Thiha Cho, NLD Wants Military Lawmakers Out Of Parliament By 2035... And A New National Flag (Myanmar Now, 24 July 2019).*

*(10) Phan Tee Eain, Report on Observing Women's Participation in Myanmar's November 2015 General Election (Yangon: Phan Tee Eain, 2016).*

*(11) Paul Minoletti, Gender (in)Equality in the Governance of Myanmar: Past, Present, and Potential Strategies for Change (Yangon: The Asia Foundation, April 2016), 21.*

*(12) Broadening Participation of Women of Ethnic Political Parties in the Peace Process: Needs and Recommen-*

ဗိုလ်ချုပ်ဟောင်းများဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက် ရေးပါတီသည် ကိုယ်စားပြုမှု နည်းပါးသော လူဦးရေအုပ်စုအတွက် ဆန့်ကျင့်ဘက်အနေအားဖြင့် ခွဲတမ်းသီးခြားမရှိပေ၊ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် ရာခိုင်နှုန်းသည်လည်း အကျိုးဆက်အားဖြင့် PNO (သုညရာခိုင်နှုန်း) ပြီးလျှင် ဒုတိယအနည်း ဆုံးဖြစ်သည်။[13]

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တန်းတူအရည်အချင်းပြည့်မီသော ကိုယ်စားလှယ်များအကြားတွင် အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားလူနည်းစုများအား ညီတူညီမျှ ဦးစားပေးဖြစ်ကြောင်း ဖော်ပြခဲ့သည်။[14] အပြန်အလှန်အားဖြင့် နိုင်ငံရေးဗျူဟာသည် ကျားမရေးရာမူဝါဒကို ကျော်လွှန် ပယ်ဖျက်သည့် သဘောရှိနေပါသည်။ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါဝင်ယှဉ်ပြိုင်သူ ၁၃ ဦးအနက် ၁ ဦးသာ အမျိုးသမီးဖြစ်ကြောင်းတွေ့ရှိရပါသည်။

(ပါတီတစ်ခုလုံး အတိုင်းအတာအရ ကိုယ်စားလှယ် ၆၉ အနက် ၇ ဦးသာ အမျိုးသမီးဖြစ်ကြပါသည်။) မည်သည့်အကြောင်းဖြစ်စေ NLD ပါတီအား အားပေးထောက်ခံမှု ကျဆင်းလာသည်နှင့်အတူ ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် NLD သည် ကိုယ်စားလှယ် ၁၈ အနက် ၉နေရာအနိုင်ရခဲ့သည့်အပြင် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုယ်စားလှယ် ၁၃ ဦးအနက် ၇ ဦးသာ အရွေးကောက်ခံခဲ့ရပေသည်။ ကြားဖြတ်ရွေးကောက်ပွဲ (၂) ခုလုံးတွင် မဲပေးသူဦးရေ ၃၀ နှင့် ၄၀ ရာခိုင်နှုန်းကြားကသာ မဲပေးခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ်တွင် အကန့်အသတ်ဖြင့် ခွင့်ပြုသည့်ပမာဏကို ငြင်းပယ်ပြီးနောက် NLD သည် အစိုးရကဏ္ဍ တစ်ခုချင်းစီတွင် အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်းကိုယ်စားပြုပါဝင်ရေးအတွက် ခေါ်ယူခြင်းအားဖြင့် ၂၀၁၉ မတ်လတွင် အမျိုးသမီးပါဝင်မှုကို တိုးတက်စေရန် ၎င်း၏ကတိကဝတ်အတိုင်း ပြန်လည်ကြိုးပမ်း ခဲ့ပါသည်။[15]

၂၀၂၀ ရွေးကောက်ပွဲအတွက် ပြင်ဆင်ရာတွင် NLD နှင့် USDP ပါတီနှစ်ခုလုံးသည် အခြားပါတီများအကြား အမျိုးသမီးကော်မတီများ ဖွဲ့စည်းခဲ့ကြသည်။ NLD အနေဖြင့် ဗဟိုအမျိုးသမီးကော်မတီ (ဒေါက်တာမေဝင်းမြင့်ကို အမျိုးသမီး ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒေါက်တာဇင်မာအောင်ကို အတွင်းရေးမှူး အဖြစ်လည်းကောင်း၊)နှင့် တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့်၊ ရပ်ကွက်နှင့်ကျေးရွာအဆင့်စသည့် စီမံအုပ်ချုပ်မှု အဆင့်များအားလုံးတွင် အမျိုးသမီးလုပ်ငန်း ကော်မတီများကို ဖွဲ့စည်းခဲ့ပါသည်။[16] NLD သည် ၎င်း၏ပထမဆုံး နိုင်ငံတစ်ဝှမ်း အမျိုး သမီးလုပ်ငန်းကော်မတီအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့ပါသည်။ ထို့ပြင် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ညီလာခံကို ၂၀၁၈ ခုနှစ် ဧပြီလတွင် ကျင်းပနေစဉ်အတွင်း ထူးချွန်ထက်မြက်မှုရှိပြီး လူသိများသော လူငယ်အချို့ကို ၂၀၂၀ ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခဲ့ပါသည်။[17]

---

*dations (Yangon: The Carter Center, Women's League of Burma, March 2019).*

*(13) Paul Minoletti, Gender (in)Equality in the Governance of Myanmar: Past, Present, and Potential Strategies for Change (Yangon: The Asia Foundation, April 2016), 21.*

*(14) Han Htoo Khant Paing and Richard Roewer, Testing the Water: the 2018 By-Elections and Myanmar's Political Future (Tea Circle Oxford, 9 December 2018).*

*(15) Maggi Quadrini, Women's Participation in Politics Undermined by the NLD (The Irrawaddy, 9 May 2019).*

*(16) Myanmar News Agency, NLD concludes first Nationwide Women's Work Committees Congress in Nay Pyi Taw (3 July 2018).*

*(17) Aung Aung, Emerging Political Configurations in the Run-up to the 2020 Myanmar Elections (Singapore: ISEAS, Trends in Southeast Asia Series, January 2019), 6.*

နိုင်ငံရေးပါတီအသစ်များအနေဖြင့်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်မှုများ ဆောင်ရွက်လာကြပါသည်။ အထူးသဖြင့် ဦးကိုကိုကြီးနှင့် အခြား ၈၈ ကျောင်းသား မျိုးဆက်ခေါင်းဆောင်များက ‘ပြည်သူ့ပါတီ’ တည်ထောင်နိုင်ခဲ့ခြင်းသည် NLDအတွက် ပြင်းထန်သောစိန်ခေါ်မှုတစ်ရပ် ဖြစ်လာနိုင်ပါသည်။ အခြားနိုင်ငံရေးနယ်ပယ်များတွင်လည်းဗိုလ်ချုပ်ကြီးဟောင်းများကပါ ‘အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ’ စသည်ဖြင့် နိုင်ငံရေးပါတီများ စတင်ထူထောင်ခဲ့ကြပါသည်။

ထို့အတူ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ တိုင်းရင်းသားပါတီများအနေဖြင့် ပါတီကြီးနှစ်ခုဖြစ်သည့် NLD နှင့် USDP ပါတီတို့နှင့် ယှဉ်ပြိုင်နိုင်ရန် သီးခြားပါတီတစ်ခုအဖြစ် ပေါင်းစည်းလာခဲ့ကြပါသည်။ သို့ရာတွင် ပေါင်းစည်းသည့်ပါတီများနေဖြင့် US-DPနှင့် မဟာဗျူဟာကျကျ မဟာမိတ်ဖွဲ့ထားနိုင်ခြင်းမရှိလျှင် တိုင်းရင်းသား ပြည်နယ်များတွင် NLD ကို အနိုင်ရရန် အင်အားလုံလောက်မှုရှိမည်မဟုတ်ပေ။ NLD ၏ ထောက်ပံ့မှုအားနည်းခြင်းကို အခွင့်ကောင်းယူ၍ USDP သည် ၂၀၂၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသားဒေသများတွင် မူဝါဒရေးရာပြိုင်ဆိုင်မှုမရှိဟူသော ကတိကဝတ်များအပါအဝင် တိုင်းရင်းသားပါတီများနှင့် ညှိနှိုင်းလုပ်ဆောင်နေပြီဖြစ်ပါသည်။[18]

USDP ကို ဗုဒ္ဓဘာသာအမျိုးသားရေး သံဃာတော်များက ထောက်ခံအားပေးကြပါသည်။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သည်လည်း အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သည့်ပြည်နယ်များဖြစ်သည်နှင့်အတူ မွန်ပြည်နယ် တွင် ပေါ်ပေါက်ခဲ့သော မဘသဟုခေါ်သည့် အမျိုးဘာသာသာသနာစောင့်ရှောက်ရေး အဖွဲ့အား ပံ့ပိုးပေးသော ၉၆၉ လှုပ်ရှားမှုစသည့် ဗုဒ္ဓဘာသာအမျိုးသားရေးစိတ်ဓါတ်ရှိသော အမာခံနယ်မြေများ ဖြစ်ကြပါသည်။[19] ၂၀၁၅ ရွေးကောက်ပွဲတွင် အချို့ဗုဒ္ဓဘာသာသံဃာတော်များက NLD ကိုဆန့်ကျင့်ဆန္ဒပြသော ကမ်းပိန်းများလုပ်ခဲ့စဉ် (အောက်တွင် အကျယ်တဝင့် ဆွေးနွေးသည်အတိုင်း) USDP ကိုကျောထောက်နောက်ခံပြုနေသော မဘသသည် NLD ၏တည်ရှိမှုကို မကျေနပ်မှုနှင့်အတူ ၂၀၁၃ ခုနှစ်တွင် ဘာသာတရားနှင့်သက်ဆိုင်သော ဥပဒေ(၄) ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။[20]

၂၀၂၀ အထွေထွေရွေးကောက်ပွဲ၏ရှေ့တွင် မြန်မာနိုင်ငံ၏နိုင်ငံရေးကို ရခိုင်တွင်ဖြစ်ပွားခဲ့သော ဘာသာရေးနှင့် ဆက်နွယ်သည့် အရေးကိစ္စများကြောင့် ဗုဒ္ဓဘာသာကို သိက္ခာကျဆင်းစေသည်ဟူသော အမြစ်တွယ်နေသည့် နိုင်ငံရေးသတ်မှတ်ချက် ခံယူမှုများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လူနည်းစုများအကြား ဗမာမှုသွတ်သွင်းခြင်းကို ကြောက်ရွံ့သောတိုင်းရင်းသားနိုင်ငံရေးနှင့် အင်အားကောင်းသည့်နိုင်ငံရေးပါတီသစ်ပုံစံဖြင့်ပေါ်လာသော ပြည်တွင်းမီဒီယာများမှ စကားလုံးသစ်ထွင်လိုက်သော “တတိယအင်အားစု” တိုးတက်လာခြင်းတို့က ပုံဖော် ဟန်ရှိပါသည်။[21] လူမှုစာမျက်နှာ(facebook)သည် ဗမာလူမျိုးအများစုအတွက် ရွေးကောက်ပွဲကို ကြိုးကိုင်ချယ်လှယ်ရန် သတင်းအမှားများနှင့် သာမန်လူထု အကျိုးမျှော်သည့်ဝါဒီ၊ လူမျိုးရေးဝါဒီနှင့် မိမိနှင့်လိင်မတူသူကို ချိုးနှိမ်လိုသော အသရေဖျက်လိုမှုများကို ဖြန့်ချီရာ စကြ်န်လမ်း ဖြစ်လာနိုင်ချေရှိပါသည်။

---

*(18) Aung Aung, Understanding Ethnic Political Parties in Myanmar: The Cases of Mon and Karen States (Singapore: ISEAS, September 2018), 6.*

*(19) Ibid., 3.*

*(20) Aung Aung, Myanmar's Current Politics: Implications for the 2020 General Elections (Singapore: ISEAS, October 2018), 2.*

*(21) Ibid., 2.*

## ဤဖြစ်ရပ်တွင် အမျိုးသမီးများ၏ နိုင်ငံရေးတွေ့ကြုံရမှုသည် မည်သို့ဖြစ်မည်နည်း။

ဗမာလူမျိုးကြီးစိုးသည့် ဒေသများရှိ ဘာသာရေးဆိုင်ရာအမျိုးသားရေးစိတ်ဓါတ်နှင့် ပြည်နယ်များရှိ တိုင်းရင်းသား အခြေပြု အမျိုးသားရေးစိတ်ဓါတ်သည်လည်း အမျိုးသမီးများအား လုပ်ပိုင်ခွင့်အာဏာ ခွဲဝေပေးရေးကို အလေးထားဆောင်ရွက်မည်မဟုတ်ပေ။ အမျိုးသမီးများအား ထိုသို့သော ပါတီမျိုးတွင် တိုးတက်စေရန် ခွင့်ပြုခြင်းခံမည်ဆိုလျှင် သူတို့သည် အလွန်ရှေးရိုးဆန်သော ယဉ်ကျေးမှုစံ သတ်မှတ်ချက်များနှင့် ကျားမရေးရာတန်းတူညီမျှမှုကို အများစုအားဖြင့် ကာကွယ်နေသော ကျားမရေးရာ အခန်းကဏ္ဍကို အားပေးနေမည်ဖြစ်ပါသည်။

တက္ကသိုလ်နှစ်ခုတွင် အပတ်စဉ်နှင့် လုပ်သက်ရာထူးအရ အထက်အောက်အမိန့်ပေးပုံစံဖွဲ့စည်းထားသော အမျိုးသားအုပ်စိုးသော စစ်တပ်သည်လည်း အမျိုးသမီးများကို မြှင့်တင်ရန် ဖြစ်နိုင်ချေမရှိသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် လုပ်ပိုင်ခွင့်အာဏာမျှဝေခြင်းဆိုင်ရာ စီမံခန့်ခွဲမှုတွင် တပ်မတော်သား ကိုယ်စားလှယ်ဖြင့် ဖွဲ့စည်းထားသည့်ပါတီနှင့် အမျိုးသားရေး သံဃာတော်ကိုယ်စားလှယ်များအကြား ဗမာလူမျိုးမဟုတ်သော အမျိုးသမီးများနှင့်/သို့မဟုတ် ဗုဒ္ဓဘာသာမဟုတ်သည့် အမျိုးသမီးများသည် လုံးဝဥဿုံ ဘေးဖယ်ခံထား ရမည်ဖြစ်ပေသည်။

ဤအရာသည် အမျိုးသမီးကိုယ်စားလှယ်များအတွက် NLDနှင့် ဖြစ်နိုင်ပါက ၈၈ မျိုးဆက်ပါတီတို့တွင် အကောင်းဆုံး အခွင့်အရေးရရှိနိုင်မည်ဖြစ်သည်။ အကြောင်းမသင့်၍ NLD သည် ၎င်း၏ အဓိကအရေးကြီး ကိစ္စရပ်များအတွက် ရုန်းကန်ရသောကြောင့် ကျားမရေးရာကိစ္စရပ်များကို ဦးစားပေးအဆင့်အဖြင့် ထည့်သွင်းစဉ်းစားရန် အားနည်းခဲ့ပေသည်။ နိုင်ငံရေးအရ ပိုမိုခိုင်မာအောင် ကြိုးပမ်းစွန့်စားကြရာတွင် အမျိုးသမီးကိုယ်စားလှယ်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ပါတီအနေဖြင့် ယင်းတို့၏ ထက်မြက်မှုအရှိဆုံး ကိုယ်စားလှယ်များအား ပါတီကိုယ်စားအရွေးကောက်ခံစေခဲ့ကြရပါသည်။

နောက်ထပ်အကြောင်းအရာတစ်ခုမှာ ဒီမိုကရေစီစနစ် ကောင်းစွာလည်ပတ်နိုင်ရေးအတွက် နိုင်ငံရေး အတွေ့အကြုံ၊ ပညာရေးနှင့် နိုင်ငံတကာအတွေ့အကြုံများရှိသော အမျိုးသမီးခေါင်းဆောင်များအား ဘေးဖယ်ထားကြပေသည်။ ဒီမိုကရေစီစနစ် ကနဦးလှုပ်ရှားမှုကို ထောက်ခံသော အမျိုးသမီးခေါင်းဆောင်များ သည်လည်း ဖယ်ထုတ်ခံကြရပေသည်။

အစောပိုင်းနှစ်များကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော် ကိုယ်စားလှယ်များသည် နိုင်ငံတွင် ၁၀ နှစ်တစ်ဆက်တည်း နေထိုင်သူဖြစ်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ခေါင်းဆောင်များ၏ ကိစ္စရပ်များကြောင့် နိုင်ငံမှထွက်ခွာသူများပြန် လာလျှင် ယင်းတို့အနေဖြင့် နိုင်ငံသားဖြစ်မှု ပြန်လည်ရရှိမှသာလျှင် ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်အရွေးကောက် ခံနိုင်မည်ဖြစ်ပါသည်။ ကိုယ်စားလှယ်အဖြစ် မဟုတ်လျှင်လည်း အမျိုးသမီးပြည်တော်ပြန်များသည် NLDပါတီနှင့် တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများကို လမ်းညွှန်သူများ သို့မဟုတ် သင်တန်းဆရာများ အဖြစ် ဆောင်ရွက်နိုင်ပါသည်။ အကြောင်းမသင့်၍ အခြားတိုင်းရင်းသား နိုင်ငံရေးပါတီများမှ နယ်စပ်ဖြတ်ကျော်နှင့် နယ်စပ်တစ်လွှားရှိ လူ့အခွင့်အရေး အဖွဲ့စည်းများ၊ တိုင်းရင်းသားအခြေပြု အမျိုးသမီးများနှင့် ဆက်သွယ်ဆောင်ရွက်မှု ကောင်းမွန်နေစဉ် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီသည် ပြည်ပမှပြန်လာသော အမျိုးသမီးများကို အရေးပါသော နိုင်ငံရေးအရင်းအမြစ်အဖြစ် ဖော်ထုတ်ရန် ပျက်ကွက်ခဲ့ပါသည်။[22]

*(22) Author's conversations with women activists in Myanmar and Thailand, 2012-2018.*
*Especially in 2012-2013, women from exile organisations shared their frustration of being sidelined when compared to male returnees and the scope of the latter's political activities. There was also the sense that Daw Aung San*

# အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့်ကိုယ်စားလှယ်လောင်းများ၏ မီဒီယာများတွင်ပါဝင်နိုင်မှု

အမျိုးသမီးအရေးကိစ္စများကို အမျိုးသမီးသို့မဟုတ် အမျိုးသားကိုယ်စားလှယ်များသာမက နိုင်ငံတကာအဖွဲ့အစည်းများ၊လေ့လာသူများနှင့်တက်ကြွလှုပ်ရှားသူများသာလျှင် ရှားရှားပါးပါး တိုးတက်အောင် လုပ်ဆောင်ခဲ့ပေသည်။ အမျိုးသမီးများကို အရင်းအမြစ်သစ်အဖြစ် သို့မဟုတ် ပါတီ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် အသုံးပြုမှု ရှားပါးခဲ့ပါသည်။[23] မီဒီယာများတွင် ကိုယ်စားလှယ်သည် အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း အလေးပေးပြောဆိုခြင်းသည် ကျားမရေးရာညီမျှမှုအရေးကိစ္စကို ဖော်ညွှန်းပြောဆိုနေခြင်းမဟုတ်ပေ။ [24]ဗမာ့ယဉ်ကျေးမှုရှိ ကြီးစဉ်ငယ်လိုက်အစဉ်အလာအတွက် စရိုက်လက္ခဏာသည် ရာထူးအဆင့်အတန်းအမြင့်ဆုံး ပါတီကိုယ်စားလှယ်များအပေါ် အထူးသီးခြားအလေးထားမှုရှိနေသည်။

ရွေးကောက်ပွဲများစတင်ကတည်းက အများပြည်သူသို့ ချပြသော သတင်းအချက်အလက် မလုံလောက်မှုအပေါ် ဝေဖန်ချက်နှင့် မီဒီယာသည် ဘယ်တော့မှရပ်တန့်နိုင်မည်မဟုတ်ပေ။ အစီရင်ခံစာ အများအပြားတွင် ကျားမရေးရာရှုထောင့်ခေတ်ရေစီးကြောင်းနှင့် မီဒီယာတို့နှင့် ပိုမိုကောင်းမွန် သော ဆက်ဆံရေးကို အားပေးရန် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အများပြည်သူနှင့်ဆိုင်သောကဏ္ဍရှိ အမျိုးသမီးများအနေဖြင့် ယင်းတို့၏ အခွင့်အလမ်းကို ရယူနိုင်ကြပေသည်။

အမျိုးသမီးများသည် အွန်လိုင်းသတင်းအမှားများနှင့်ကျားမခွဲခြားဆက်ဆံခြင်းများကို တားဆီးဟန့်တားနိုင်ရေးအတွက် လိုအပ်သော မဟာဗျူဟာများ၊ ကမ်းပိန်များနှင့် ခိုင်မာသော လူမှုမီဒီယာတစ်ခုကို ပြင်ဆင်ထားသင့်ပါသည်။

ယခင်ကာလများကဲ့သို့ပင် တပ်မတော်က ယေဘုယျအင်တာနက်အသုံးပြုခွင့်ကို ထိန်းချုပ်ထားဆဲဖြစ်ပြီး ဤနည်းအားဖြင့် နိုင်ငံတော်၏အင်တာနက်ကိုပိတ်ပစ်နိုင်သော လုပ်ပိုင်ခွင့်အာဏာတစ်ရပ် ကိုင်စွဲထားနေဆဲဖြစ်ပါသည်။ ယင်းအချက်အား "နိုင်ငံ၏လုံခြုံရေးခြိမ်းခြောက်မှု" အဖြစ် မှတ်ယူသင့် မသင့် မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။

- ရွေးကောက်ပွဲအတွင်းနှင့် ရွေးကောက်ပွဲလွန် ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးပါတီပေါင်းစုံ၊ လွှတ်တော်ရှိ ပြဿနာရပ်များအားလုံးတွင် ကျားမရေးရာအထိခိုက်မခံသော မူဝါဒများဖော်ဆောင်ရန်၊ တိုင်းရင်းသားပေါင်းစုံပါဝင်သော မူဝါဒလမ်းစဉ်ဖော်ဆောင်ရန်၊ အမျိုးသမီးအခွင့်အရေးများကို အန္တရာယ်ဖြစ်စေသည့် ဥပဒေများပြဋ္ဌာန်းခြင်းအား ပြုပြင်ပြောင်းလဲရန်နှင့် အမျိုးသမီးများအကြား စည်းလုံးညီညွတ်မှုကို ပြုစုပျိုးထောင်ရန် စသည့်တို့အား အချိန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါသည်။
- အထူးသဖြင့် NLD ပါတီသည် နိုင်ငံရေးတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအပေါ် အများပြည်သူက အားပေးအားမြှောက်ပြုပေးနိုင်ရေးအတွက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ကောင်းစွာဆောင်ရွက်သော မဲဆန္ဒနယ်များတွင် အမျိုးသမီးများ၏ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နိုင်ရန် မဟာဗျူဟာကျသော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

*Suu Kyi never recognised or engaged those who had campaigned internationally for her release and democracy in Burma.*

*(23) Gender Equality Network, Media Coverage of Women Candidates and Women's Issues during the 2015 Election Period in Myanmar (Yangon: Gender Equality Network, 2016), 8.*

*(24) Ibid.*

- အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် (လူမှု)မီဒီယာဆိုင်ရာ နားလည်သဘောပေါက်မှုရရှိနိုင်ရန်နှင့် နာမည်ကြီးမီဒီယာလိုင်းများနှင့် ခိုင်မာသောဆက်နွယ်မှုဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာလျှင် ယင်းမဲဆန္ဒနယ်များ၏ ကိစ္စရပ်အပေါ် အမြင်သဘောထားများနှင့် မူဝါဒကြေညာချက်များအား အများပြည်သူက သိရှိနိုင်မည်ဖြစ်ပါသည်။

# မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက် စိန်ခေါ်မှုများ

## ကဏ္ဍအနှစ်ချုပ်

၁) ကျားမရေးရာလူမှုရေးစံသတ်မှတ်ချက်များသည် အမျိုးသမီးများ၏ အလုပ်အကိုင်တိုးတက်မှုကို နည်းလမ်း များစွာနှင့်ပိတ်ဆို့ထားသည်။

၂) အဆိုပါစံသတ်မှတ်ချက်များသည် နိုင်ငံရေးပါတီများနှင့် ၎င်းတို့၏ အမျိုးသမီး ကိုယ်စားလှယ်များကြားရှိ ဆက်ဆံရေးသာမက လွှတ်တော်ဆိုင်ရာအလုပ်ကိုပါ ပြင်းထန်စွာ အကျိုးသက်ရောက်စေသည်။

၃) အမျိုးသမီးများ၏ မိမိကိုယ်မိမိ အပျက်သဘောဆောင်သော ကျားမဆိုင်ရာအစဉ်အလာများကို ခံယူထားခြင်းသည် မိမိကိုယ်ကို တန်ဖိုးထားမှုလျော့နည်းလာခြင်း၊ အခြားအမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မယုံကြည်ခြင်းနှင့် စွမ်းဆောင်ရည်နိမ့်ကျမှုတို့ဖြစ်စေရန် ဦးတည်စေပါသည်။

၄) တည်ဆဲဥပဒေများနှင့် အထူးသဖြင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အမျိုးသမီးများအတွက် တရားမျှတမှုမရှိခြင်းကိုပံ့ပိုးပေးပြီး အမျိုးသမီးအခွင့်အရေးအား အခွင့်အရေးများကို ဆက်လက်ထိခိုက်မှုကိုဖြစ်စေသည်။

၅) လွှတ်တော်အတွင်း တပ်မတော်အုပ်စုရှိနေခြင်းသည် အဆိုပြုထားသော ဥပဒေပြဋ္ဌာန်းမှုအခြေအနေ၊ လွှတ်တော်တွင် အချင်းပွားမှုသဘောသဘာဝနှင့် သမရိုးကျ လူသားလုံခြုံရေးကိစ္စရပ်များကို မည်ကဲ့သို့ဆောင်ရွက်ရမည်သို့မဟုတ် လျစ်လျူရှုရမည်ကို ပြင်းပြင်း ထန်ထန်အကျိုးသက်ရောက်မှုရှိသည်။

၆) လုံခြုံရေးအပေါ် အတွင်းကျကျရှင်းရှင်းလင်းလင်းကြည့်မည်ဆိုပါက NLDဦးဆောင်သောအစိုးရနှင့် တပ်မတော်အကြား စည်းလုံးညီညွတ်မှုမရှိခြင်းကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ပြည်တွင်းမတည် ငြိမ်မှုများသည် သူတို့၏ရှင်သန်ရပ်တည်မှုအသီးသီးအတွက် အဓိကခြိမ်းခြောက်မှုဖြစ်ပါသည်။

၇) ရလဒ်အနေဖြင့် အရပ်သားများနှင့် လွှတ်တော်ကိုယ်စားလှယ်များ သတိမမူမိခြင်းကို လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားမှုများသို့မဟုတ် ငွေကြေးသုံးစွဲမှုများမှ သက်သေပြပြီးဖြစ်သည်။

## အမျိုးသမီးများအပေါ်တရားမျှတမှု မရှိခြင်းကို ပံ့ပိုးပေးနေသည့် တည်ဆဲဥပဒေများ

ကိုလိုနီအကြောင်းအနေဖြင့် ဗမာအမျိုးသမီးများသည် ၁၉၃၅(မဲပေးခွင့်) အစောပိုင်းခုနှစ်များနှင့်၁၉၄၆( ရွေးကောက်ပွဲအတွက်ရပ်တည်ခွင့်)အတွက် ဖွဲ့စည်းပုံဆိုင်ရာ အခွင့်အရေးအရ တူညီသောနိုင်ငံရေးပါဝင်မှုကို တရားဝင်ခွင့်ပြုခြင်းခံရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက လွှတ်တော်ကိုယ်စားလှယ်နေရာလေးပုံတစ်ပုံ (ပုဒ်မ ၁၀၉၊ ၁၄၁ နှင့် ၁၆၁ အရ) ကို တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အတွက်ထားရှိသည်။[25] နိုင်ငံရေးတွင်တပ်မတော်အခန်းကဏ္ဍကို အာမခံနိုင်ရေးအတွက်ရေးဆွဲထားသည့်ဖွဲ့စည်းပုံဥပဒေအပိုဒ်များသည် အမျိုးသမီးများ၏ တိုးတက်မှုကိုင့်နှေးစေသော ကျားမရေးရာ ဘက်လိုက်မှုနက်ရှိုင်းစွာအရိုးစွဲအမြစ်တွယ်စေရေးကို မင့်မြဲစေသည်။[26]

ပေကျင်းကြေညာစာတမ်းနှင့် CEDAW ကိုအခြေခံလျက် အမျိုးသမီးများအတွက် အရေးကြီးဆုံးအမျိုးသားအဆင့်မူဝါဒဖြစ်သော အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂) သည် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပိုင်းနှင့် ခေါင်းဆောင်မှုတို့တွင် အမျိုးသမီးများညီမျှစွာပါဝင်မှုကို အားပေးရန် ဖွဲ့စည်းပုံများ၊ စနစ်များနှင့်အလေ့အကျင့်များကို တိုးတက်စေရန်ဦးစားပေးနယ်မြေ (၁၂) နေရာသတ်မှတ်ခဲ့သည်။[27] ၂၀၁၉ နောက်ပိုင်းတွင် CEDAW၊ NSPAW နှင့်အခြားကျားမရေးရာဆိုင်ရာ စာချုပ်များသည် နိုင်ငံတော်အဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ထိ ထိရောက်စွာဆက်ဆံထိတွေ့ရန် အကောင်အထည် ဖော်ရန် များစွာကျန်ရှိနေသေးသည်။[28]

အမျိုးသမီးများအတွက် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို သေချာမှုရှိစေရန်နှင့် ကဏ္ဍအားလုံးတွင် ကျားမရေးရာတန်းတူညီမျှမှုကို တိုးတက်စေရန်နှင့် နိုင်ငံရေးနှင့်စီးပွားရေးတွင် အမျိုးသမီးများကို ပါဝင်လာစေရန် အမျိုးသမီးများနှင့် မိန်းကလေးများကို အကြမ်းဖက်မှုမှကာကွယ်တားဆီးရန် NSPAW ၏ အောက်တွင် မတူညီ သောအထူးအဖွဲ့များကို အသီးသီးဖွဲ့စည်းထားပြီးဖြစ်သည်။[29]

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပိုမိုစီမံခန့်ခွဲမှုနှင့်အတူ ရန်ကုန်၊ မန္တလေး၊ လားရှိုးနှင့်မော်လမြိုင်တို့ရှိ အကြမ်းဖက်ခံရမှုကို ကြုံတွေ့ရသော အမျိုးသမီးများအတွက် “ တစ်နေရာထဲတွင် ပြသနာများကိုဖြေရှင်းနိုင်မည့် အမျိုးသမီးထောက်ပံ့မှုဌာန” ကိုလည်းဖွင့်လှစ်ခဲ့ပါသည်။ [30]

---

*(25) Ibid., 2008. CEDAW recommended to repeal the reservation of certain public offices for men and other discriminatory sections again eight years later in 2016.*

*(26) Gender Equality Network and Global Justice Center, Shadow Report on Myanmar for the 64th Session of the Committee on the Elimination of Discrimination against women (Yangon: Gender Equality Network, July 2016).*

*(27) Myanmar National Committee for Women's Affairs, National Strategic Plan for the Advancement of Women (2013-2002) (Nay Pyi Taw, 2013). The twelve priority areas are livelihood, education and training, health, violence against women, emergencies, economy, decision-making, institutional mechanisms, human rights, media, environment, and girls.*

*(28) Over two years after the plan was drafted, some officials at the sub-national level had not even heard of it (author's interviews with officials in the Mon and Shan States 2015-2016).*

*(29) Moe Moe, Government Promises More Female Participation on Women's Day (The Irrawaddy, 8 March 2019).*

*(30) Ibid.*

အမျိုးသမီးအခွင့်အရေးအုပ်စုများသည် ကျားမရေးရာခေတ်ရေစီးကြောင်းသို့မဟုတ် အမျိုးသမီးများ၏ အမြင်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဥပဒေအသစ်များကို အလျင်စလို အတည်ပြုခဲ့သည်အတွက် သိန်းစိန်အစိုးရကို ဝေဖန်ခဲ့သည်။ [31] အထူးသဖြင့် ၂၀၁၅ ဖေဖော်ဝါရီလတွင် အမျိုးဘာသာသာသနာ ကာကွယ်ရေးစောင့်ရှောက်မှု ဥပဒေ(၄)ခု အလျင်အမြန်ချမှတ်ခြင်းကို ဒီမိုကရေစီ အသွင်ပြောင်းခြင်းနှင့် လူ့အခွင့်အရေးလိုက်နာခြင်းနှင့် နာကျည်းမှုကို ဖြစ်ပေါ်စေခြင်းတို့နှင့်စပ်လျဉ်း၍ ထင်ရှားသော ပြဿနာတစ်ရပ်အဖြစ် မှတ်ယူသည်။ CEDAWကော်မတီသည် ဤအရေးကိစ္စများကြောင့် လူမျိုးရေးဆိုင်ရာဥပဒေ(၄)ရပ်ကို ပြန်လည်ပြင်ဆင်ရန် အစိုးရကို တိုက်တွန်းခဲ့ပါသည်။

*'(က) ဗုဒ္ဓဘာသာအမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေသည် အခြားဘာသာ သက်ဝင်ယုံကြည်သောသူများနှင့် လက်ထပ်ရန်ဆန္ဒရှိသော ဗုဒ္ဓဘာသာအမျိုးသမီးများအား ကန့်သတ်သည်။*

*(ခ) တစ်လင်တစ်မယားစနစ်သည် လက်မထပ်ရသေးသော လက်မထပ်ဘဲအတူနေကြသော စုံတွဲများကို ပြစ်ဒဏ်ချပြီး ၎င်းကိုအကောင်အထည်ဖော်ခြင်းသည် အမျိုးသမီးများအပေါ် အချိုး မညီသော အကျိုး သက်ရောက်မှု ရှိနိုင်သည်။*

*(ဂ) လူဦးရေထိန်းချုပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဥပဒေသည် သားသမီးအရေအတွက်ကို လွတ်လပ်စွာရွေးချယ်လိုသော အမျိုးသမီးများ၏ အခွင့်အရေးကို ကန့်သတ်ပြီး အထူးသဖြင့် ရခိုင်ပြည်မြောက်ပိုင်းရှိ ရိုဟင်ဂျာအမျိုးသမီးများစသော တိုင်းရင်းသားလူနည်းစု အမျိုးသမီးများ ကလေးမွေးဖွားခြင်းကို ထပ်မံကန့်သတ်ရန် အသုံးပြုသည်။*

*(ဃ) (၁၄)နှစ်အောက်မိန်းကလေးများ လက်ထပ်မှုတွင် မိဘသဘောတူညီချက်ပါမှသာ တရားဝင် သည်။'*[32]

အမွေဆက်ခံခွင့်၊ မြေယာအခွင့်အရေး၊ ကွာရှင်းပြတ်စဲမှုနှင့် ဘဝတွင်ကြုံတွေ့ရသည့်အခြားကိစ္စရပ်များ နှင့် သက်ဆိုင်သော ဓလေ့ထုံးတမ်းဥပဒေ၊ ပုဂ္ဂိုလ်ဆိုင်ရာဥပဒေနှင့် ရာဇသတ်ကြီး ဥပဒေများအပါအဝင် ဥပဒေတွင်ပါရှိသည့် ကျားမရေးရာဘက်လိုက်မှု သီးခြားဥပမာများကို လွှတ်တော်ကိုယ်စားလှယ်များသည် အလေးထားဂရုပြုသင့်ပေသည်။

ကျားမအခြေပြု အကြမ်းဖက်မှု အထူးသဖြင့် လက်ထပ်ခြင်းများတွင် အများဆုံးမိမိ၏ ရင်းနှီးသောအဖော်မှ အကြမ်းဖက်ခြင်းမှာအဖြစ်များပြီး အမျိုးသမီးများသည် အထောက်အပံ့ကို ခက်ခဲစွာရှာဖွေနေရ၍ ရလဒ်အနေဖြင့် ဒေသတစ်လျှောက် တိတ်တဆိတ်ပြန့်ပွားနေမှုအဖြစ် ကျန်ရှိနေပါသည်။[33] ၂၀၁၈ခုနှစ်တွင် အစီရင်ခံထားသော နိုင်ငံတဝန်း ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် မုဒိမ်းမှုများသည် ၁၈၆၀ခုနှစ် ကိုလိုနီခေတ် ရာဇသတ်ကြီးဥပဒေကို ပြန်လည်ပြင်ဆင်ရန် အရေးတကြီးလိုအပ်ပြီး တရားရေးစနစ်တွင် အပြင်းအထန် ဆုတ်ယုတ်ပျက်ကွက်နေကြောင်း ဖော်ပြသည်။[34] လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနနှင့် အမျိုးသမီးအခွင့်အရေးအုပ်စုတို့မှ မူကြမ်းရေးဆွဲထားသော ၂၀၁၃ခုနှစ်တွင်

---

*(31) Women's League of Burma, Long Way to Go: Continuing Violence of Human Rights and Discrimination of ethnic women in Burma. CEDAW Shadow report (Chiang Mai: WLB, July 2016).*

*(32) Committee on the Elimination of Discrimination against Women, Concluding observations on the combined fourth and fifth periodic reports of Myanmar, Sixty-fourth session 4-22 July 2016.*

*(33) United Nations Population Fund, Powerful Myths, Hidden Secrets (Myanmar: UNFPA, 2017). While this study focused on Southeast Myanmar, it can be expected that women in the rest of the country face similar violence.*

*(34) Janeen Sawatzky, Sexual violence against women and girls: A year in review (Tea Circle Oxford, 14 January 2019).*

ပထမဦးဆုံးအဆိုပြုသော “အမျိုးသမီးများ အကြမ်းဖက်မှု ကာကွယ်ရေးဥပဒေ”သည် ၂၀၁၉နောက်ပိုင်းတွင် လုပ်ငန်းဆောင်ရွက်ဆဲပင်ရှိနေသေးသည်။

ဥပဒေအတည်ဖြစ်သွားလျှင် ယင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများကို လုပ်ငန်းခွင်နှင့် အများပြည်သူနှင့် ဆိုင်သောနေရာများတွင် ကိုယ်ထိလက်ရောက်ကျူးလွန်ခံရခြင်းများနှင့် ထိပါးနှောင့်ယှက်မှုများ အပါအဝင် အကြမ်းဖက်မှုပေါင်းစုံကို အကာကွယ်ပေးမည်ဖြစ်ပြီး ရှင်သန်ကျန်ရှိနေသူများသည် ဥပဒေဆိုင်ရာနှင့် ဆေးဝါဆိုင်ရာ အထောက်အပံ့များ လက်ခံရရှိမည်ဖြစ်သည်။[35]

အမျိုးသမီးများ( မိန်းကလေးများနှင်ကလေးသူငယ်များလည်းအလားတူ) ကို ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ မကာကွယ်ပေးနိုင်သမျှ ကာလပတ်လုံး အများပြည်သူနှင့်ဆိုင်သောနယ်ပယ်များတွင် အမျိုးသမီးခေါင်းဆောင်မှု တိုးတက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်နေမည်သာဖြစ်သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေအသစ်ပြဋ္ဌာန်းခြင်းနှင့် လူမှုရေးဆိုင်ရာ ကာကွယ်မှုနှင့် အတူ စံသတ်မှတ်ချက်များနှင့် အလေ့အထများကို ပြောင်းလဲမှုအပေါ် အားပေးရန်လိုအပ်ပြီး သူတို့၏ လုပ်ဖော်ကိုင်ဖက်အမျိုးသားများကို ပူးပေါင်းဆောင်ရွက်ရန် အားပေးသင့်သည်။ အရေးကြီးဆုံးအချက်မှာ ဥပဒေအာဏာသက်ရောက်မှု အားကောင်းရန်လိုအပ်သည်။

## <u>ကျားမအခြေပြုခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုများ အဆုံးသတ်စေရန် တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း</u>

- စစ်တပ်အတွက်လွှတ်တော်နေရာများကို ခွင့်ပြုပေးနေသော ပုဒ်မ၁၀၉(ခ)၊ ၁၄၁(ခ)နှင့် သတ်မှတ်ပြဋ္ဌာန်းချက်ရာတွင် ခွဲခြားဆက်ဆံမှုတိုက်ဖျက်ခြင်းကို ကန့်သတ်သော ပုဒ်မ ၃၅၂ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရမည်။
- ကော်မရှင်တွင်အမျိုးသမီးလိုအပ်မှုအနည်းဆုံးအရေအတွက်ရှင်းရှင်းလင်းလင်းသတ်မှတ်ထားသောပုဒ်မ ၇(ဂ) ကို ပဲရစ်ကွန်ဗန်းရှင်းအခြေခံမူများနှင့်အညီ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေးဆိုင်ရာကော်မရှင်ဥပဒေကို ပြင်ဆင်ရမည်။[36]
- ကျားမအခြေပြုခွဲခြားဆက်ဆံခြင်းပပျောက်ရေးလိုအပ်ချက်များကို အများသိရှိစေရန်ဆောင်ရွက်ရမည်ဖြစ်ပြီး ကျားမအခြေပြုခွဲခြားဆက်ဆံမှုများရှိကြောင်း ပြည်တွင်းလူမှုအဖွဲ့အစည်းများက သတ်မှတ်ထားသော ဓလေ့ထုံးတမ်းများနှင့် ဥပဒေများအားလုံးကို ပြန်လည်ပြင်ဆင်ရမည်။’[37]
- အမျိုးဘာသာသာသနာစောင့်ရှောက်ရေးဥပဒေများကိုချက်ခြင်းပြင်ဆင်ရမည်။
- မြေယာဥပဒေများနှင့်မှတ်ပုံတင်လုပ်ငန်းစဉ်များအား ပြင်ဆင်ခြင်းကို ဥပဒေထုတ်ပြန်ခြင်းအားဖြင့် အမျိုးသမီးများသည်လည်းအိမ်ထောင်စုနှင့်ကိုယ်ပိုင်လယ်မြေကိုဦးဆောင်နိုင်ကြောင်းရှင်းလင်းရမည်။[38]

---

*(35) Aung Myat Thu, Protection from Violence against Women Act likely to be passed next year (Mizzima, 27 November 2018).*

*(36) Article 19, Censored gender: Women's right to freedom of expression and information in Myanmar (London: Article 19, 2015).*

*(37) Ibid.*

*(38) Women's League of Burma, Long Way to Go: Continuing Violence of Human Rights and Discrimination of ethnic women in Burma. CEDAW Shadow report (Chiang Mai: WLB, July 2016).*

- အသင်းအဖွဲ့များ သင့်တင့်စွာနှင့်လွတ်လပ်စွာ မှတ်ပုံတင်ခြင်းကို ခွင့်ပြုရန်၊ အမျိုးသမီးအုပ်စုများအတွက် မှတ်ပုံတင်ခြင်းကိစ္စရပ်ကို ပိုမိုသွက်လက်မြန်ဆန်စွာနှင့် ခေတ်ရေစီးကြောင်းအတိုင်း လုပ်ဆောင်ခြင်း အပါအဝင် အမျိုးသမီးအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းကို အားပေးသော စည်းမျဉ်း စည်းကမ်းများကို ပြဋ္ဌာန်းရန် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ရမည်။[39]
- 'ခုံသမာဓိအဖွဲ့များအပါအဝင် တရားရေးစနစ်များနှင့် တရားရေးလုပ်ငန်းများတွင် အမျိုးသမီးများ မြင့်မားစွာ ပါဝင်မှုကို သေချာစေရန် ခေတ်မီပြီး ရှင်းလင်းသော ကလေးသူငယ်ကာကွယ်ရေးမူဝါဒကို မူကြမ်းရေးဆွဲပါ။
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျားမရေးရာသာတူညီမျှမှုရှိခြင်းအပေါ် ဥပဒေဆိုင်ရာနှင့် တရားစီရင်ရေးဖြစ်ရပ်များတွင် ပါဝင်သော ပါတီအားလုံးကို ပညာပေးခြင်း၊
- လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုကို ခွင့်ပြုသော ရာဇသတ်ကြီးဥပဒေပြဋ္ဌာန်းချက်ကို ဖျက်သိမ်းခြင်း၊
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှု ကိစ္စရပ်များကို ဖြေရှင်းရာတွင် နည်းလမ်းအဖြစ် နစ်နာကြေးပေးခြင်း၊ ရပ်ကျေးအဆင့်ခုံသမာဓိစီရင်ခြင်းနှင့် ဓလေ့ထုံးတမ်းဥပဒေအသုံးပြုခြင်းကို ဖယ်ရှားခြင်းနှင့်ပြည်တွင်း လူမှုအဖွဲ့အစည်းများနှင့် အကြံဉာဏ်ရယူ ဆွေးနွေးလျက် အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်တားဆီးသော ဥပဒေကို ရှေ့တိုးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊[40]
- NSPAWကို အပြည့်အဝအကောင်အထည်ဖော်ရမည်။

## လွှတ်တော်ရှိအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့်တပ်မတော်သားများ

လွှတ်တော်ကိုယ်စားလှယ်နေရာ၏ ၂၅% ကို တပ်မတော်သားများအတွက် ရယူထားသည့်ဖြစ်၍ အမျိုးသမီးများသည် လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၅ရာခိုင်နှုန်းသာ ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် အမျိုးသမီး များသည် လွှတ်တော်ထဲတွင်အနည်းဆုံး ၃၀ရာခိုင်နှုန်းပါ ဝင်မှုရှိရန် လွှတ်တော်ကိုယ်စားလှယ်နေရာ၏ ထက်ဝက် ခန့်ကို အနိုင်ရရှိရန်လိုအပ်ပါသည်။[41]

ပြည်ထောင်စုလွှတ်တော်ရှိ အမျိုးသမီးကိုယ်စားလှယ်(၁၂)ဦးမှအပ လွှတ်တော်ထဲရှိ ကိုယ်စားလှယ်နေရာ ၄ပုံ၁ပုံ တပ်မတော်မှခန့်အပ်ထားသည် လွှတ်တော်ကိုယ်စားလှယ်များမှ ရယူထားခြင်းသည် ဆွေးနွေးပွဲ သဘော သဘာဝအတိုင်း အဆိုပြုထားသော ဥပဒေပြဋ္ဌာန်းချက်များအပေါ် အကျိုးသက်ရောက်မှုဖြစ်စေသည်။[42]

(က) လွှတ်တော်များရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ နှင့် အခြားဖြစ်ရပ်များအကြား အပြန်အလှန်ဆက်နွယ်ချက်များ (ခ)အမျိုးသမီးများအပေါ် အချိုးမညီစွာ သက်ရောက်မှုရှိနေသော လူ့လုံခြုံရေး၊ အသွင်ကူးပြောင်းခြင်းထက် အမျိုးသားလုံခြုံရေး၊ သမရိုးကျ လုံခြုံရေးပေါ်တွင် အလေးထားလုပ်ဆောင်မှုရှိ ကျားမရေးရာကိစ္စရပ်များ အပေါ် ပြင်းထန်သော သက်ရောက်မှုရှိသည်။

---

*(39) Ibid.*

*(40) Janeen Sawatzky, Sexual violence against women and girls: A year in review (Tea Circle Oxford, 14 January 2019).*

*(41) The 'critical mass theory' after Rosabeth Moss Kanter (1977) and Drude Dahlerup (1988) relates the percentage of female legislators to the passage of laws beneficial to women. Originally, 30 percent of female representation was considered the tipping point for change, but critical debate continues.*

*(42) No female military MPs serve as members in any parliamentary committee.*

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် လုံခြုံရေး၊ကာကွယ်ရေးနှင့်ပက်သက်သော ဆွေးနွေးပွဲများတွင် ဆက်လက်လွှမ်းမိုးထားပြီး လုံခြုံရေးနှင့် အရေးပါသောနိုင်ငံတော်ဘတ်ဂျက်နှင့်စပ်လျဉ်း သော ဥပဒေ ပြင်ဆင်ရေးများတွင် တားဆီးတတ်ကြပါသည်။[43]

၂၀၁၁ခုနှစ်မှစ၍ လွှတ်တော် အခန်းကဏ္ဍတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို ဆန့်ကျင့်သည်ဟုမြင်သော လုပ်ငန်းစဉ်များသို့မဟုတ် အဆိုပြုချက်များအားလုံးကို တစ်ညီတစ်ညွတ်တည်း ကန့်ကွက်ခဲ့ကြသည်။[44]

တပ်မတော်သည် မိမိကိုယ်ကို မြန်မာနိုင်ငံ၏ ပြယုဒ်အဖြစ်ရှုမြင်ပြီး ၎င်း၏အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲမှုကို ထိပါးလာသော မည်သည့်အန္တရာယ်ကိုမဆို နိုင်ငံတော်၏ အန္တရာယ်ဟု ယုံကြည်ထားသည်။ ’[45]

NLDပါတီ၏ရည်ရွယ်ချက်ဖြစ်သော ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေး အထူးအားဖြင့် ၅၉(စ)နှင့် ပုဒ်မ(၄၃၆) ကို ဤနည်းအားဖြင့် အနာဂတ်တွင်ပြင်းပယ်နိုင်မည်မဟုတ်ပေ၊သို့ရာတွင်ရန်စမှုတစ်ခုအဖြစ် ရှုမြင်ခြင်းခံရနိုင်သည်။ အလားတူ ဒေါ်အောင် ဆန်းစုကြည်အတွက် နိုင်ငံတော်အတိုင်ပင်ခံရာထူးကို ၂၀၁၆ခုနှစ် ဧပရယ် ၅ရက်နေ့တွင် ဆွေးနွေးခဲ့သောအခါတွင်လည်း တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအားလုံးသည် ထိုဥပဒေမူကြမ်းကို ပြင်းပြင်းထန်ထန်ကန့်ကွက် ခဲ့ကြသည်။

သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်း လဲမှုများအတွက် တပ်မတော်ထောက်ခံမှု ၇၅ရာခိုင်နှုန်း ကျော်လွန်ရန် လိုအပ်သည်၊ ထို့ကြောင့်ဥပဒေသည် အများစုထောက်ခံမှုနှင့်အတူ အတည်ပြုခွင့်ရခဲ့သည်။[46]

၂၀၂၀ ရွေးကောက်ပွဲပြင်ဆင်မှုအနေဖြင့် တပ်မတော်ကိုယ်စားလှယ်များမှ ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတအဆင့်မှသည် ( နိုင်ငံခြားသားမိသားစုဝင်ဖြစ်သူများကို အစိုးရ၏ အဆင့်မြင့်ရာထူးမှ ချန်လှပ်ထားသည်) ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်ဝန်ကြီးအဆင့် ဖြစ်ခွင့်မှ တားမြစ်ထားသော အပိုဒ်ခွဲကို တိုးချဲ့ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆက်ချက် တစ်ခုကို တင်သွင်းခဲ့သည်။[47]

အထူးသဖြင့် အထိခိုက်မခံသောနိုင်ငံရေး ပြဿနာများကို ပွင့်လင်းမြင်သာပြီး ထိရောက်သောဆွေးနွေးမှုဓလေ့သည် မြန်မာနိုင်ငံလွှတ်တော်ထဲတွင် အမြစ်မတွယ်သေးပေ။

> *‘လွှတ်တော်တွင်တပ်မတော် ကိုယ်စားလှယ်များပါရှိနေခြင်းသည် လုံခြုံရေးကိစ္စရပ်များနှင့် ပက်သက်သောအရေးပါသောဆွေးနွေးပွဲများအတွက် အင်အားကြီးသောအတားအဆီးတစ်ခု ဖြစ်စေပြီး တပ်မတော်သားကိုယ်စားလှယ်များ ပြိုင်တူမတ်တပ်ရပ်ခြင်း၊ ရိုင်းစိုင်းစွာစကားဖြတ်ပြောခြင်းနှင့် အစည်းအဝေးမှထွက်သွားမည့် လက္ခဏာများပြခြင်း အစရှိသော ထိရောက်သောဥပဒေပြုရေးကို နှောင့်ယှက်နေသော အပြုအမူများကို လွန်ခဲ့သောနှစ်အတွင်းက လွှတ်တော်ကိုယ်စားလှယ်၂ဦးမှ မဆုတ်မနစ် ဆက်တိုက် ပြုလုပ်ခဲ့ပါသည်။ ၎င်းအပြုအမူများသည် ဥပဒေလုပ်ထုံးလုပ်နည်းများအရ ပြဋ္ဌာန်းထားသော လွှတ်တော်ဆိုင်ရာဝတ္တရားများ၏ ဂုဏ်သိက္ခာရှိသော ဆောင်ရွက်ချက်များကို ခြိမ်းခြောက်ရာရောက်ပါသည်။’*[48]

---

(43) *Min Than, The Tatmadaw in the Hluttaw (Singapore: ISEAS 2018), 5. [The author served as a military-appointed legislator to parliament in 2016-2017].*

(44) *Ibid.*

(45) *Maung Aung Myoe, The soldier and the state: The Tatmadaw and political liberalization in Myanmar since 2011 (South East Asia Research, 22, 2, pp 233-249, June 2014).*

(46) *Min Than, The Tatmadaw in thle Hluttaw (Singapore: ISEAS 2018), 5.*

(47) *Thet Su Aung, Myanmar Military MPs Submit Bill to Bar Citizens With Foreign Ties From Top Government Posts. Radio Free Asia (19 September 2019).*

(48) *Renaud Egreteau, Marginalisation or Consolidation? The Parliamentary Year in Review (Tea Circle Oxford,*

ရွေးကောက်ခံအမျိုးသမီး (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ)သည် တွက်ဆထားသော အင်အားတစ်ခုနှင့် ရင်ဆိုင်နေရပြီး ထိုအရာသည် ဗမာ့နိုင်ငံရေးအဖွဲ့အစည်းများမှ များမကြာမီပျောက်ကွယ်သွားမည် မဟုတ်ပေ။

USDPအစိုးရ လွှတ်တော်သက်တမ်းကုန်ဆုံးပြီးနောက် တပ်မတော်သည် ကောလိပ်သို့မဟုတ် စစ်တက္ကသိုလ်မှ ဘွဲ့ရရှိထားသော ဗိုလ်ချုပ်ကြီးအဆင့် ကိုယ်စားလှယ်လောင်းများနှင့် ၎င်း၏ ကိုယ်စားလှယ်များကို အစားထိုးခဲ့သည်။

၂၀၁၆ခုနှစ်တွင် တပ်မတော်သည် ဗိုလ်ချုပ်(၃)ယောက်၊ စစ်ဦးစီးချုပ် (၁၁)ယောက်နှင့် ဗိုလ်မှူးကြီး(၁၀) ယောက်ကို လွှတ်တော်တွင် ခန့်အပ်ခဲ့သည်။[49]

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် များအပေါ် သတိထားမှုများနှင့် မယုံကြည်မှုများ ဆက်လက်ရှိနေသည်။

NLD ပါတီဗဟိုအမျိုးသမီးကော်မတီ၏ ပြည်လုံးကျွတ်ညီလာခံပြုလုပ်စဉ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အချို့မှ တပ်မတော်ကိုနိုင်ငံရေးအဖွဲ့အစည်းမှ ထွက်ပေးရေးခေါင်းစဉ်ကို အဆိုတင်သွင်းသည့်အချိန်တွင် သောင်းသောင်းဖြဖြ ထြဘာပေးခဲ့သည်။ သို့သော် ဥက္ကဋ္ဌဒေါ်မေဝင်းမြင့်မှ တပ်မတော်နှင့်ဆက်စပ်သော ကိစ္စရပ်များကို တင်ပြချင်သောကိုယ်စားလှယ်၏ ဆွေးနွေးမှုကို ဤညီလာခံတွင် ခေါင်းဆောင်များမှ ခွင့်ပြုမည်မဟုတ်ဟု သတင်းမီဒီယာများကို ပြောကြားခဲ့သည်။’[50]

- ➤ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လူသားနှင့်နိုင်ငံတော် လုံခြုံရေးကိစ္စရပ်များကို ကောင်းစွာသိရှိနားလည်ရန် လိုအပ်သည်။
- ➤ ဤအချက်သည် အမျိုးသမီးများကို လွှတ်တော်ထဲတွင် တပ်မတော်သား များအတိုင်း တူညီစွာ စကားပြောခွင့်ရရှိရန် အထောက်အကူဖြစ်ပြီး လုံခြုံရေးနှင့်ဆက်နွယ်သော ကိစ္စရပ်များနှင့် အရေးကြီးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးတို့၏ ရှုမြင်သုံးသပ်မှုကို ပေါ်ထွက်လာ စေမည်ဖြစ်သည်။
- ➤ တရားမဝင်မူးယစ်ဆေးသုံးစွဲခြင်းနှင့် ကုန်သွယ်ခြင်းများရှိသောကြောင့် လူသားလုံခြုံရေး၏ ကျယ်ပြန့်သောကိစ္စရပ်ကို တတိယအရေးကြီးဆုံးစိုးရိမ်ပူပန်မှုအဖြစ် ခိုင်မာစေပါသည်။၂၀၁၁မှ ၂၀၁၆ အထိ တာဝန်ထမ်းဆောင်ခဲ့သော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးပြီးနောက်ပိုင်းတွင် မဲဆန္ဒရှင်များသည် မူးယစ်ဆေးဝါးကိစ္စနှင့် ပညာရေးကို တူညီစွာစိုးရိမ်ပူပန်ခဲ့ကြသည်ဟု ဆိုပါသည်။[51]
- ➤ အဆိုပါမူးယစ်ဆေးဝါးအလွန်အကျွံသုံးစွဲခြင်းသည် သာမန်အကြမ်းဖက်မှုများ၊ ပြည်တွင်းအကြမ်းဖက်မှုများနှင့် ကြီးမားစွာဆက်နွယ်နေပြီး ဒေသခံလူမှုအသိုက်အဝန်းအပေါ် လူမှုစီးပွားရေး ထိခိုက်မှုများ

*14 May 2018).*

*(49) Renaud Egreteau, Parliamentary Development in Myanmar: An Overview of the Union Legislature, 2011-2016 (Myanmar: The Asia Foundation, May 2017).*

*(50) Win Ko Ko Latt, NLD-backed Women's Congress Rejects Talk of Removing Myanmar Military From Politics. Radio Free Asia (2 July 2018).*

*(51) Shwe Shwe Sein Latt, Kim N. B. Ninh, Mi Ki Kyaw Myint and Susan Lee, Women's Political Participation in Myanmar: Experiences of Women Parliamentarians 2011-2016 (Yangon: The Asia Foundation and Phan Tee Ein, April 2017), v.*

သိသာစွာဖြစ်စေသည့်အတွက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင် အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကို တင်ပြရန် လိုအပ်ပါသည်။

- ပါတီစုံအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးပွဲများတွင် တပ်မတော်သား အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ နည်းပါးစွာပါဝင်ခြင်းသည် အမျိုးသမီးများအကျိုးနှင့် အရပ်ဘက်၊ စစ်ဘက် အကျိုးဖြစ်ထွန်းစေရန် နောက်ထပ်နည်းလမ်းတစ်သွယ်ဖြစ်နိုင်ပါသည်။

## တပ်မတော်၏ အခန်းကဏ္ဍကို အရပ်သားများဝင်ရောက်စွက်ဖက်ခွင့်မရှိခြင်း

ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အဆုံးတွင် ကောင်းမွန်သော အုပ်ချုပ်မှုပုံစံကူးပြောင်းခြင်းတွင် ကာကွယ်ရေးအခန်းကဏ္ဍ၏လုပ်ဆောင်မှုနှင့် ဘတ်ဂျက် ကိုအရပ်သားများသိရှိခြင်းပါဝင်ပါသည်။

လုံခြုံရေးတပ်ဖွဲ့များသည် အကြမ်းဖက်မှုနှင့်ပက်သက်ပြီး အစိုးရ၏တစ်ဦးတည်း ချုပ်ကိုင်မှုကို အလွဲသုံးစားမလုပ်ရန် လွှတ်တော်ဆိုင်ရာကြီးကြပ်ရေးတာဝန်များကို တာဝန်ခံမှုအပြည့်အဝရှိရမည်။

မြန်မာ့လုံခြုံရေးတပ်ဖွဲ့များတွင် ခန့်မှန်းလူဦးရေ ၃၅၀၀၀၀ ရှိသော အင်အားကြီးသော ခြေလျင်တပ်၊ ရေတပ်နှင့်လေတပ်တို့ပါဝင်သည်။ ထို့အပြင်ကာကွယ်ရေးဦးစီးချုပ်မှ တပ်မတော်ဗိုလ်ချုပ်ကြီးတစ်ဦးကို ပြည်ထဲရေးဝန်ကြီးအဖြစ် တိုက်ရိုက်ခန့်အပ်ထားပြီး ယင်းမှ လက်နက်အပြည့်အစုံရှိသော လုံခြုံရေးတပ်ရင်း (၃၀)ပါဝင်သော ခန့်မှန်း လူအင်အား ၈၅၀၀၀ကျော်ရှိ အင်အားကြီးသော ရဲတပ်ဖွဲ့တစ်ခုကို ကြီးကြပ်ကွပ်ကဲနေပါသည်။[52]

ယခုအချိန်အထိ NLD ဦးဆောင်သော ဥပဒေပြုအဖွဲ့အပြင် အရပ်သားတစ်ဝက်ပါသော အုပ်ချုပ်ရေးအဖွဲ့သစ်ပါ လုံခြုံရေးတပ်ဖွဲ့များ၏ လုပ်ဆောင်ချက်များကို အပြည့်အဝစစ်ဆေးခွင့် အာဏာမရှိသေးပေ။[53] '"ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထောက်လှမ်းရေး တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့များကဲ့သို့သော တပ်မတော်နှင့်ယင်းနှင့်ပတ်သက်သော အစိတ်အပိုင်းများကို အရပ်ဘက်အဖွဲ့အစည်း၏ အုပ်ချုပ်မှုအာဏာအပြင်ဘက်တွင်ထားရှိခဲ့ပြီး အပိုဒ်ခွဲ၆(စ)၊ ၂၀(ခ)နှင့် ပုဒ်မ၃၄၃တို့ အသီးသီးပါဝင်သော လွတ်လပ်သောတရားရေးစီစစ်မှုကို ကင်းလွတ်စေခဲ့သည်။[54]

မြန်မာနိုင်ငံ ထောက်လှမ်းရေးသည် ပြည်တွင်းကိစ္စရပ်များအပေါ် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုအရာတွင် အစိုးရအပေါ် တိုင်းရင်းသားလက်နက်ကိုင်များ၏ စိန်ခေါ်မှုများပါဝင်ရုံသာမက နိုင်ငံရေးလှုပ်ရှားသူများ၊ စီးပွားရေးဆိုင်ရာဆန့်ကျင်သူများပါဝင်ပြီး လူမှုအသိုင်းအဝိုင်းကို အနှောင့်အယှက်ဖြစ်စေသော အရိပ်လက္ခဏာများ ဖြစ်လာနိုင်ပါသည်။ ပြည်ပဖိအားအသစ်များရှိသော်လည်း NLD ဦးဆောင်သောအစိုးရနှင့် တပ်မတော်သည် မညီညွတ်မှုများနှင့် ပြည်တွင်းရေးမတည်ငြိမ်မှုများကို ၎င်းတို့ရပ်တည်မှု၏ အဓိကအန္တရာယ်အဖြစ် မှတ်ယူပါသည်။[55] 'ရဲတပ်ဖွဲ့ဝင်များ၊ ထောက်လှမ်းရေးအဖွဲ့နှင့် နိုင်ငံ၏စစ်ကြောင့် ပျက်စီးခဲ့သောနယ်မြေများတွင် လုပ်ဆောင်နေသော ပါလီမန်အဖွဲ့များနှင့်လက်ရှိ

---

*(52) Ibid. In addition, armed ethnic organisations and paramilitary groups opposing the Tatamadaw include up to 100,000 men and women (Ibid., p 16) but there is no reliable data.*

*(53) Renaud Egreteau, Negotiating Parliamentary Oversight of the Security Sector in Myanmar (Singapore: ISEAS 2018), 2.*

*(54) Ibid., 3.*

*(55) Ibid., 3.*

သို့မဟုတ် ယခင်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများ၏ အမွေဆက်ခံသူများအပါအဝင် မြန်မာ့ကာကွယ်ရေးအဖွဲ့အစည်းများနှင့် နယ်စပ်လုံခြုံရေးအခန်းကဏ္ဍများကို အရပ်ဘက်နှင့်လွှတ်တော်၏ အုပ်ချုပ်မှုအောက်သို့ ထည့်သွင်းရန်လိုအပ်ကြောင်း အများစုက အသိမှတ်ပြုထားပါသည်။ NLD ခေါင်းဆောင်ပိုင်းတွင်ပင် လက်ရှိမဖြစ်နိုင်သော ဤရည်မှန်းချက်ကို အများစုကဆန္ဒရှိနေကြပါသည်။[56]

ပြည်သူ့ကျန်းမာရေးနှင့်ပညာရေးတို့တွင် အသုံးစရိတ်အလွန်နိမ့်ကျသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံရှိ နိုင်ငံတော်ဘတ်ဂျက်နှင့် ပတ်သက်၍ ၂၀၁၇ခုနှစ်တွင် မြန်မာစစ်တပ်၏ အသုံးစရိတ်သည် တစ်ကမ္ဘာလုံးတွင် အဆင့်၁၅ အထိ မြင့်တက်ခဲ့ပြီး အစိုးရအသုံးစရိတ်၏ ၁၂.၄%ခန့်ရှိခဲ့သည်။ အာရှတွင် မြန်မာနိုင်ငံသည် အဆင့်(၃)ဖြစ်ပြီး စင်ကာပူ(၁၇,၄%)နှင့် ပါကစ္စတန်(၁၆.၇%)ရှိခဲ့ပြီး အိန္ဒိယနှင့်တရုတ်တို့ထက်ပင် မြင့်မားခဲ့သည်။ မည်သို့ပင်ဖြစ်စေ ၎င်းသည် ၂၀၁၂–၂၀၁၆ခုနှစ် မြန်မာနိုင်ငံ၏ယခင် နိုင်ငံတော်ဘတ်ဂျက်များမှ လျော့နည်းသွားစေသည်။ ထို့အပြင်စစ်တပ်အဖွဲ့အစည်းများသည် စစ်တပ်၏ စီးပွားရေး လုပ်ငန်းကြီး(၂) ခုဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်( UMEHL) နှင့် မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတို့မှတစ်ဆင့် အခွန်ပေးဆောင်ရသော ၎င်းတို့ကိုယ်ပိုင် ဘတ်ဂျက်ဖြင့် ဝင်ငွေများလည်းရရှိသည်။ တပ်မတော်မှထိန်းချုပ်ထားသောဝန်ကြီးဌာန(၃)ခုအားခွဲဝေချထားသောဘတ်ဂျက်၏ရာခိုင်နှုန်းဖြစ်သော်လည်း ယခုအခါ ပြည်သူ့မှတ်တမ်းနှင့် ဘတ်ဂျက်တိုးမြှင့်ရေး အဆိုပြုချက်များကို လွှတ်တော်မှငြင်းဆိုထားပြီး ပြည်သူ့ရန်ပုံငွေများနှင့် ဘတ်ဂျက်ပြင်ပမှ ဝင်ငွေများကိုတပ်မတော်မှ မည်သို့စီမံ သည်နှင့် ပတ်သက်၍ သတင်းအချက်အလက်အနည်းငယ်သာရှိသည်။ ၎င်းကိစ္စများကိုဖြေရှင်းရန် ကြိုးပမ်းမှုများ၌ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာကော်မတီမှ စစ်တပ်မှကြီးကြပ်ဆောင်ရွက်နေသည့် ပြည်ထဲရေးဝန်ကြီးဌာနရှိ ရဲတပ်ဖွဲ့နှင့် ၂၀၁၈ခုနှစ် နောက်ပိုင်းအထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှဘတ်ဂျက် စာရွက်စာတမ်းများကို စိစစ်ရခြင်း တို့ပါဝင်သည်။

၂၀၁၈ခုနှစ်ဒီဇင်ဘာလတွင် ယနေ့အထိ ပြည်သူ့ကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတော်၏ စစ်တပ်အင်အား လျှော့ချရန်ရည်ရွယ်ပြီး NLD အစိုးရသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာန အောက်မှပြည်သူ့ထိန်းချုပ်မှုအောက်ရှိပြည်ထောင်စု အစိုးရအဖွဲ့ ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခဲ့သည်။

- အဆင့်အားလုံး၌ ဝင်ငွေပွင့်လင်းမြင်သာမှုမရှိခြင်းကိုကုစားရန်။
- လုံခြုံရေးနှင့်ပတ်သက်သည့်ဘတ်ဂျက်များကို ဝန်ဆောင်မှုပေးသော အမျိုးသားလွှတ်တော်ရှိ လွှတ်တော်နှစ်ခုစလုံး၏ ပြည်သူ့ငွေစာရင်းကော်မတီများအားပိုမိုအားကောင်းလာစေရန်။
- ကနဦးစီမံကိန်းရေးဆွဲခြင်းအဆင့်ထက်ဥပဒေပြုလွှတ်တော်၏ဘတ်ဂျက်စိစစ်ခြင်းလုပ်ငန်းများကို တိုးတက် စေရန်အတွက် ကြီးကြပ်ရေးယန္တရားများနှင့် ပတ်သက်သည့် လွှတ်တော်အမတ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအစီအစဉ်များကိုတိုးမြှင့်ပေးရန်။
- ကာကွယ်ရေးကဏ္ဍကို ဥပဒေပြုရေးဖြင့် တိုးမြှင့်ကြီးကြပ်ရန်အတွက် စာချုပ်စာတမ်းများကို စီမံဆောင်ရွက်ရန်။

(56) *Renaud Egreteau, Negotiating Parliamentary Oversight of the Security Sector in Myanmar (Singapore: ISEAS 2018), 2.*

# လူမှုစီးပွားဆိုင်ရာအသွင်ကူးပြောင်းရေးအတွက် ကျားမရေးရာ အလေးပေးမှုရှိသော ဘတ်ဂျက်ရေးဆွဲခြင်း

## အကျဉ်းချုပ်

၁) မြန်မာနိုင်ငံ၏ အားနည်းသော ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ အကျင့်ပျက်ခြစားမှု၊ အထူးသဖြင့် သဘာဝသယံဇာတများနှင့် တိုးမြှင့်ရန်လိုအပ်သောအခွန်များမှရရှိသော ဝင်ငွေပွင့်လင်းမြင်သာရှိမှု၊

၂) ငွေကြေးနှင့် တရားဝင် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များကို အမျိုးသားများမှ လွှမ်းမိုးထားပြီး ၎င်းတို့၏ ဦးစားပေးမှုများဖြစ်စေခြင်း။

၃) အများအားဖြင့် အငြိမ်းစား စစ်ဘက်အရာရှိအမျိုးသားများသည် နိုင်ငံတော် အဆင့်မြင့် ရာထူး နေရာများဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်များ၊ နှင့်ဒုတိယညွှန်ကြားရေးမှူးချုပ်များ နေရာကို ယူထားကြပြီး ဒေသဆိုင်ရာအဆင့်တွင် အာဏာအရှိဆုံးဖြစ်သောမြို့နယ်အုပ်ချုပ်ရေးမှူးများပင်လျှင် အမျိုးသားများပင် ဖြစ်ကြသည်။

၄) နိုင်ငံတကာအနေဖြင့် ကျားမရေးရာ အလေးပေးသော ဘတ်ဂျက်ရေးဆွဲခြင်းကို စီးပွားရေးကုန်ထုတ်စွမ်းအားနှင့် အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးသို့ပြောင်းလဲရန်အလို့ငှာ အမျိုးသမီးများ၏စွမ်းပကားကိုမြှင့်တင်ရန် ထိရောက်မှုမရှိသည့် လက်နက်အဖြစ်ရှုမြင်ကြသည်။

၅) အာရှ၌ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့တွင်သာ ကျားမရေးရာ အလေးပေးသော ဘတ်ဂျက်ရေးဆွဲခြင်း(GRB) ကို ဆယ်စုနှစ်တစ်ခုကျော်မှ စတင်အကောင်အထည်ဖော်ကြခြင်းဖြစ်သည်။

၆) အဆိုပါနိုင်ငံများမှ ပြည်နယ်များတွင် GRB အကောင်အထည်ဖော်ပုံကို သရုပ်ဖော်ပြသခြင်းသည် ပြည်နယ်ဆိုင်ရာအဆင့်၌ ကျားမပေါင်းစည်းမှုဘတ်ဂျက်ရေးဆွဲခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကိုမြှင့်တင်နိုင်ရန် ကူညီပေးခြင်းဖြစ်သည်။

၇)မြန်မာနိုင်ငံတွင် GRB ကိုဖော်ဆောင်သူများသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားစာရင်းအင်းရုံး၊ အဓိကသက်ဆိုင်သောဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည်။

ကျားမအလေးပေးသောဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာအပြည်ပြည်ဆိုင်ရာကတိကဝတ်များသည်၁၉၇၉ခုနှစ်တွင် CEDAW နှင့် ၁၉၉၅ခုနှစ်တွင်ဘေဂျင်းပလက်ဖောင်းတို့ မှစတင်၍ ၂၀၁၅ခုနှစ်တွင် ဖော်ထုတ်ခဲ့သော ကုလသမဂ္ဂအစီအစဉ် ၂၀၃၀ နှင့်ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များ(SDG) အထိဖြစ်သည်။ အဆိုပါကတိကဝတ်များနှင့်အညီ အထူးသဖြင့် အမှတ်စဉ် ၅ ဖြစ်သည့် ကျားမတန်းတူအခွင့်အရေးတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု၌ ကျားမဆိုင်ရာရှုထောင့် တစ်ခုကို မြှင့်တင်ခဲ့ပြီး ဘဏ္ဍာရေးမူဝါဒများကို တိုက်ဆိုင်စွာပင် အမျိုးသမီးညွှန်ကြားရေးမှူး Christine Lagarde၏ ဦးဆောင်မှုအောက်တွင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဂျာမနီနိုင်ငံ၏ပထမဆုံး အမျိုးသမီး အဓိပတိက ၄င်း၏ ဂျီ ၇ တွင် ခေါင်းဆောင်အဖြစ်ဆောင်ရွက်ချိန်အတွင်း ဂျီ ၇ အာဂျင်ဒါ ၌ အမျိုးသမီးများ၏ စီးပွားရေးတွင်လုပ်ပိုင်ခွင့်နှင့် စပ်လျဥ်းပြီး ပထမဆုံးအကြိမ် ဦးစားပေးသတ်မှတ်ခဲ့သည်။ ၂၀၁၇ က အီတလီ ၏ ဂျီ ၇ ခေါင်းဆောင်အဖြစ်ဆောင်ရွက်ချိန်တွင်လည်း ကျားမ တန်းတူညီမျှရေးကို အဓိကဦးစားပေးခဲ့သည်။)

ထိုနှစ်ထဲတွင်ပင် ကနေဒါနိုင်ငံ၌လည်း အမျိုးသမီးရေးရာ အပြည်ပြည်ဆိုင်ရာ ထောက်ပံ့မှု မူဝါဒတစ်ခုလုံးကို စတင်ခဲ့သည်။ ထို့ကြောင့် အဓိကပါဝင်ဆောင်ရွက်သူများအနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေးနှင့် တစ်ဖန် အမျိုးသားကုန်ထုတ်စွမ်းအား၊ လူ့အဖွဲ့အစည်းနှင့် အလုံးစုံဖွံ့ဖြိုး တိုးတက်မှုကို အပြုသဘောဆောင်သည့် ကျားမတန်းတူညီမျှမှုအတွက် စွမ်းဆောင်ရည်မြင့်မားသော မက်ခရိုစီးပွားရေးဝန်းကျင်၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့သည်။

> *"နိုင်ငံတစ်နိုင်ငံ၏ဘတ်ဂျက်သည် လူမှုရေးအသွင်ပြောင်းလဲမှုအတွက် အစွမ်းထက်သော တွန်းအားတစ်ခုကို ပေးစွမ်းနိုင်သည်။ အစိုးရ၏ ဘတ်ဂျက်တစ်ခုသည် ပြည်သူလူထု၏ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ဖြည့်ဆည်းရန်နှင့် တိုင်းပြည်အားရေရှည်တည်တံ့ခိုင်မြဲသော တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် အတွက် နိုင်ငံတော်အရင်းအမြစ်များကို ခွဲဝေချထားပေးရန် ကူညီပေးခြင်းဖြစ်သည်။ […]အမျိုးသမီးများနှင့် အမျိုးသားများ၏ မတူညီသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပျက်ကွက်သောကြောင့် အမျိုးသားဘတ်ဂျက်များသည် အမျိုးသားများနှင့် အမျိုးသားဦးဆောင်သောအဖွဲ့အစည်းများကို ဘက်လိုက်သောအသုံးစရိတ်များမှ တစ်ဆင့် မညီမျှမှုများကိုဆက်လက်ဖြစ်ပေါ်နေစေသည်။"*

အာရှတွင် ကျားမတန်းတူညီမျှမှုကို နိုင်ငံအများစု၏ဥပဒေ၌ပြဋ္ဌာန်းထားပြီး များသောအားဖြင့် အမျိုးသားအဆင့် သို့မဟုတ် ကဏ္ဍအလိုက်အစီအစဉ်များနှင့် ချိတ်ဆက်ထားသော်လည်း နိုင်ငံအနည်းငယ်တွင်သာ ကျားမတန်းတူညီမျှမှု အကောင်အထည်ဖော်ရေးကို ထောက်ပံ့ပေးရန် ထိရောက်သည့် ဘတ်ဂျက်များ ထားရှိကြသည်။ ကျားမရေးရာဘတ်ဂျက်ရေးဆွဲခြင်းတွင် ဥပဒေရေးရာအမိန့်ထက် ဘဏ္ဍာရေးရာအမိန့်ကို ပိုမိုအသုံးပြုပြီး ကျားမရေးရာ အသုံးစရိတ်လျာထားချက်ဆိုင်ရာဥပဒေများကို ဖိလစ်ပိုင်နိုင်ငံတွင် (၁၉၉၅ခုနှစ်မှစ၍)နှင့် ကိုရီးယားနိုင်ငံတွင် (၂၀၀၆ခုနှစ်မှစ၍)မှ အနည်းအကျဉ်းသာ တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်နိုင်ငံတို့တွင် GRB ကို လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုကျော်မှစ၍ ထောက်ပံ့နေခဲ့ကြသည်။ ကမ္ဘာတစ်ဝှမ်း GRB ကို အကောင်းဆုံး အသုံးပြုနေကြသည့် ခေါင်းဆောင်များအကြား အိန္ဒိယသည် ကျန် အာရှနိုင်ငံများအရှေ့တွင် ရှိနေသည်။

## အိန္ဒိယနိုင်ငံ၏ ဖြစ်ရပ်ကိုလေ့လာခြင်း

# ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံး ဦးဆောင်ကျင့်သုံးကြသည့် နိုင်ငံများအနက်မှ တစ်နိုင်ငံ

အိန္ဒိယနိုင်ငံတွင် အမျိုးသမီးနှင့် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် GRB၏အားထုတ်ဆောင်ရွက်မှု အားလုံးကို ဦးဆောင်လမ်းပြပေးခဲ့ပြီး ၂၀၀၀ခုနှစ်တွင် နဝမ ငါးနှစ်စီမံကိန်းနှင့် ၂၀၀၁ခုနှစ်တွင် အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးအတွက် အမျိုးသားမူဝါဒတို့ကို အခြေခံ၍ စတင်ခဲ့သည်။ အဓိကအားသာချက်များတွင် ခိုင်မာသည့်အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ တက်ကြွသောလူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းနှင့် ဘတ်ဂျက် ပွင့်လင်းမြင်သာမှု တို့ပါဝင်သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘတ်ဂျက်လည်ပတ်မှု ၊ ဘတ်ဂျက်အသုံးစရိတ်နှင့် ဘတ်ဂျက်ရလဒ်တို့တွင် ကျားမရေးရာဘတ်ဂျက်ရေးဆွဲခြင်းအား ပူးပေါင်းဆောင်ရွက်ရေး၌ ဦးဆောင်သည်။ ၎င်း၏ မူဝါဒအကြံပေးအဖွဲ့၊ ပြည်သူ့ဘဏ္ဍာနှင့်မူဝါဒ၏ အမျိုးသားအဖွဲ့အစည်းတို့သည် ကျားမရေးရာ ကတိကဝတ်များကို ဘတ်ဂျက်ဆိုင်ရာ ကတိကဝတ်များအဖြစ် ပြောင်းလဲနိုင်ရန်အတွက် ဘဏ္ဍာရေး ဝန်ကြီးဌာနအား ခွဲခြမ်းစိတ်ဖြာမှုပုံစံတို့ကို ထောက်ပံ့ခဲ့သည်။ ဥပမာအားဖြင့် အိန္ဒိယသည် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ဝန်ကြီးဌာနကဲ့သို့ ကျားမကြားနေရေး ဝန်ကြီးဌာနများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မူဝါဒများ မည်သို့ပုံဖော်နိုင်သည်ကို ပြသခဲ့သည်။ အဆိုပါလိုအပ်ချက်များသည် ၂၀၁၆-၂၀၁၇ခုနှစ် ပြည်ထောင်စု ဘတ်ဂျက်တွင် ကျားမရေးရာဘတ်ဂျက်ကို စွမ်းအင်ကဏ္ဍမှ ထောက်ပံ့မှုဖြင့် ဆင်းရဲသော အမျိုးသမီးများအား မြှင့်တင်ရန် မူဝါဒဆိုင်ရာအစီအစဉ်ဖြင့် စွမ်းအင်ကဏ္ဍ၌ ထည့်သွင်းထား သည်။

အချို့နိုင်ငံများတွင် ကျားမရေးရာဘတ်ဂျက် ထုတ်ပြန်ချက်များတွင် အမျိုးသမီးများအတွက် မည်မျှသုံးစွဲ သည်ကို ဖော်ပြရန်ဆောင်ရွက်ကြသည်။ ကျားမဘတ်ဂျက် ထုတ်ပြန်ချက်များသည် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ အစိုးရနှစ်ခုစလုံးတွင် အမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ခွဲဝေချထားပေးသော ဘတ်ဂျက်များပါဝင်စေရန် ကူညီပေးပြီး တဖန် ဘတ်ဂျက်သုံးစွဲရေးအလေ့အကျင့်များတွင် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ယူမှုတို့ တိုးပွားစေရန်အတွက် ထုတ်ပြန်ပေးခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံဖြစ်ရပ်တွင် နှစ်စဉ် ကျားမဘတ်ဂျက်ထုတ်ပြန်ချက်ကိုဖော်ပြခြင်းသည် နိုင်ငံတော်အဆင့်နှင့် ပြည်နယ် အဆင့်ရှိ GRB အဖွဲ့အစည်းဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေပြီး အစိုးရအဖွဲ့အစည်းများတွင် ကျားမရေးရာပုံဖော်ဖန်တီးခြင်း၏ အရေးပါမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတွင်ပါဝင်သော အဆင့်မြင့် အရာရှိများနှင့် ချိတ်ဆက်ထားသည်။ သို့သော် အိန္ဒိယ၏ GRB ထုတ်ပြန်ချက်သည် အရေအတွက် သက်သက်သာဖြစ်၍ ၎င်းကိုကန့်သတ်ထားနိုင်ပြီး မတရားသတင်းပို့ခြင်းဆီသို့ ဦးတည်နိုင်သည်။

ဒေသဆိုင်ရာအဆင့်တွင် အစီအစဉ်ဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ချမှတ်ခြင်းတို့တွင် ကွာဟချက်များကျန်ရှိနေသည်။ UNESCAP သည် အထူးသဖြင့် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်များတွင် အပယ်ခံအမျိုးသမီးများ၏ပါဝင်မှုသေချာစေရေးအတွက် အထူးအစီအစဉ် များကို အကြံပြုခဲ့သည်။

## ဖိလစ်ပိုင်နိုင်ငံ၏ဖြစ်ရပ်ကိုလေ့လာခြင်း

# ၁၉၉၅ခုနှစ်တွင် ကျားမဆိုင်ရာရှုထောင့်မှ ဘတ်ဂျက်ရေးဆွဲခြင်းအပေါ် စောလျင်စွာ ဥပဒေပြုရေးဆွဲခြင်း

ဖိလစ်ပိုင်နိုင်ငံတွင် GRBကို နိုင်ငံအဆင့်နှင့် ပြည်နယ်အဆင့်၌ လွန်ခဲ့သော ရာစုနှစ်နှစ်ခုကျော်ခန့်မှ စတင်ဖော်ဆောင်ခဲ့ပြီး ၁၉၉၅ခုနှစ်တွင် ပထမဆုံးကျားမနှင့် ဖွံ့ဖြိုးရေးဘတ်ဂျက်၊ ၁၉၉၉တွင် ၎င်း၏ 'Magna Carta of Women နှင့် အစဉ်အဆက်ဥပဒေပြုလုပ်ပိုင်ခွင့်များအပေါ် အခြေခံ၍ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင် အမျိုးသမီးရေးရာကော်မရှင်မှဦးဆောင်၍ အစိုးရအဖွဲ့အစည်းအားလုံးသည် ကျားမပြဿနာများအတွက် ၎င်းတို့၏ ဘတ်ဂျက်များမှ ကျန်(၉၅)%ကို ဩဇာလွှမ်းမိုးရန် ရည်ရွယ်ချက်ဖြင့် အနည်းဆုံး(၅)% ခွဲဝေလျာထားရမည်ဖြစ်သည်။ ခိုင်မာသည့်အဖွဲ့အစည်း မူဘောင်တစ်ခုတွင်ပါဝင်သည့် အောင်မြင်သောအချက်များမှာ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လုပ်ငန်းစဉ်ယန္တရားများကို စောင့်ကြည့်၍ တာဝန်ယူမှုရှိခြင်းတို့ဖြစ်သည်။ GRBကို ပြည်နယ်အဆင့်၌ ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၏ လူမှုစီးပွားအခြေအနေကို ကျားမခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ခြင်းများတွင် နည်းပညာအကူအညီများ ထောက်ပံ့ပေးခြင်း မှတစ်ဆင့် မြှင့်တင်ပေးသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဖြစ်ရပ်မှ အရေးကြီးသောသင်ခန်းစာများတွင် ဝန်ကြီးဌာနတိုင်းရှိအမျိုးသမီးများအတွက် ဘတ်ဂျက် ရာခိုင်နှုန်းကို လျာထားခြင်းသည် ဒုတိယအကောင်းဆုံးနိယာမတစ်ခုသာဖြစ်၍ စင်စစ် အနိမ့်ဆုံး အနေဖြင့် လျာထားခြင်းကို ဌာနတော်တော်များများတွင် မြင့်မားသည်ဟု ထင်မှတ်ကြ၍ ကျန်၉၅%ကို လစ်လျူရှုခြင်းများသည် အဓိကဆောင်ရွက်ရမည့် ဘတ်ဂျက်မှ ကျားမပြဿနာများကိုဘေးဖယ်ထားခြင်းနှင့် ဌာနဆိုင်ရာအသီးသီးမှ အရင်းအမြစ်များ မှားယွင်းစွာခွဲဝေချထားမှုများလည်း ဖြစ်စေနိုင်သည်။

၂၀၁၂ခုနှစ်တွင် တိုင်းပြည်သည် ကဏ္ဍအသီးသီးမှအမျိုးသမီးများအတွက် သင့်လျော်သည့်အစီအစဉ်များကို ဖော်ထုတ်ခြင်းအပေါ် အခြေခံ၍ အသုံးစရိတ်လျာထားမှုကွဲပြားခြားနားမှုနှင့်အတူ ရလဒ်များနှင့် ချိတ်ဆက်ထားသော ကျားမဘတ်ဂျက်ရေးဆွဲရန် နည်းလမ်းမှလည်း ကင်းကွာနေခဲ့သည်။

ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍မှတ်စုတစ်ခုအနေဖြင့် ၁၉၉၁ခုနှစ်တွင် ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် စိုက်ပျိုးရေးကဲ့သို့ အဆင့်ဆင့်ဆင်းသက်လာသော အခြေခံဆောင်ရွက်ချက်များကို ပြည်နယ်အဆင့်သို့ ခွဲဝေချထားခြင်းသည် အောက်ခြေဆင့်များတွင် ကျားမလိုအပ်ချက်များဖော်ထုတ်ရန် နေရာကိုပိုမိုဖန်တီးခဲ့သည်။

## အင်ဒိုနီးရှားနိုင်ငံ၏ဖြစ်ရပ်ကိုလေ့လာခြင်း

# ပြည်တွင်းလူမှုအဖွဲ့အစည်းများနှင့်အမျိုးသမီးများ ၏ အားကောင်းသောပါဝင်မှု

အစိုးရအဖွဲ့အစည်းများနှင့်အခြားအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်အားလုံး၏ အစိတ်အပိုင်းဖြစ်သော ကျားမရေးရာအဓိကလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် ၂၀၀၀ပြည့်နှစ်၌ အင်ဒိုနီးရှားနိုင်ငံသမ္မတ၏ အမိန့်အမှတ်(၉)ကို အခြေခံ၍ GRBကို တိုက်တွန်းနှိုးဆော်သူများသည် အမျိုးသမီးရေးရာ စွမ်းဆောင်မှု ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် Bappenas (အမျိုးသားဖွံ့ဖြိုးရေးတိုးတက်မှုဝန်ကြီးဌာန)

တို့ဖြစ်ကြသည်။

အထူးသဖြင့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် အင်ဒိုနီးရှားအနေဖြင့် ဘတ်ဂျက်စာရွက်စာတမ်းများကို online ပေါ်သို့ လူသိရှင်ကြား စတင်ထုတ်ပြန်ချိန်မှစတင်၍ GRB လုပ်ငန်းသည် ဘတ်ဂျက်ပြုပြင်ပြောင်းလဲမှုနှင့် စွမ်းဆောင်ရည် အခြေပြုဘတ်ဂျက် ပြောင်းလဲခြင်းတို့နှင့်ကောင်းစွာကိုက်ညီမှုရှိလာသည်။

အင်ဒိုနီးရှား၏ GRB အတွက် အရေးကြီးသောအချက်များမှာ ကျားမရေးရာ ခွဲခြမ်းစိတ်ဖြာခြင်း လမ်းကြောင်း(၂၀၀၉)နှင့် အမျိုးသားဘုတ်အဖွဲ့မှ ပြန်လည်သုံးသပ်ထားသော ပြီးပြည့်စုံသည့် ကျားမခွဲခြမ်းစိတ်ဖြာခြင်းနှင့် ကျားမအခြေအနေ ခွဲခြမ်းစိတ်ဖြာမှုတစ်ခုတို့ ပါဝင်သော ကျားမရေးရာဘတ်ဂျက် လက်ကျန်ရှင်းတမ်း၏ နောက်ဆက်တွဲထုတ်လုပ်မှု၊ ရည်ရွယ်ချက်များ၊ ဆောင်ရွက်မှုစီမံချက်တစ်ခု၊ ဆောင်ရွက်ချက်များ၊ ဆက်စပ်ဘတ်ဂျက်ခွဲဝေချထားမှုရလဒ်များ၊ စွမ်းဆောင်ရည်ညွှန်းကိန်းများနှင့် မျှော်လင့်ထားသည့် သက်ရောက်မှုတို့ ဖြစ်ကြသည်။

GRBအကောင်အထည်ဖော်မှုတွင် ဆုံးဖြတ်ချက်ချမှတ်သူများ၊ အုပ်ချုပ်ရေးမှူးများနှင့် အဓိကဝန်ကြီးဌာနများ၏ တိကျသည့်စွမ်းရည်ကန့်သတ်ချက်များကို ရင်ဆိုင်နေရသော်လည်း မလုံလောက်သော အချက်အလက်များ၊ အထူးသဖြင့် လိင်ခွဲခြားမှုအချက်အလက်များကိုလည်း ရင်ဆိုင်နေရသည်။

အင်ဒိုနီးရှားနိုင်ငံ၌GRBအကောင်အထည်ဖော်မှုတွင် အဓိကအောင်မြင်သောအချက်များမှာ–

*(က) နိုင်ငံအဆင့်နှင့်ဒေသဆိုင်ရာအဆင့်များရှိ ၎င်း၏အဖွဲ့အစည်းများတွင် ယေဘုယျအားဖြင့် အမျိုးသမီးများ၊ အဆင့်မြင့်အမျိုးသားအရာရှိ ပြည်သူ့ဝန်ထမ်းများနှင့် ရုံးအကြီးအကဲများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း။*

*(ခ) ဝန်ကြီးဌာနများအကြားဦးဆောင်ကော်မတီမှ အထူးသဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးဝန်ကြီးဌာနနှင့် Bappenas (အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းဝန်ကြီး ဌာန) တို့အကြားနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍပေါင်းစုံစီမံကိန်းရေးဆွဲခြင်း*

*(ဂ) လူ့ပ်ရှားဆောင်ရွက်သူများနှင့်အတူ မဟာဗျူဟာကျသောမိတ်ဖက်ဆောင်ရွက်မှုများ*

*(ဃ) အစိုးရ၏ဘတ်ဂျက်လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နေသည့် အရပ်ဖက်အဖွဲ့အစည်းများ*

*(င) ဘတ်ဂျက်ထုတ်ပြန်ချက်များတွင် အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်ခြင်း*

## တောင်ကိုရီးယားနိုင်ငံ၏ဖြစ်ရပ်ကိုလေ့လာခြင်း

## သုတေသနပြုလုပ်ခြင်းနှင့် ဥပဒေရေးရာ အားပေးထောက်ခံခြင်း

ကိုရီးယားနိုင်ငံတွင် (အိန္ဒိယနိုင်ငံနှင့်မတူညီဘဲ) ကျားမဘတ်ဂျက်ထုတ်ပြန်ချက်ကို ၂၀၀၃ခုနှစ်ဥပဒေမှ တစ်ဆင့် ပြဋ္ဌာန်းခဲ့သော်လည်း ဆောင်ရွက်မှုအညွှန်းကိန်းများကိုမူ မထူထောင်ခဲ့ပေ။ GRBကို ထိရောက်၍ အသေးစိတ်ပါဝင်သည့် ဥပဒေရေးရာအားပေးထောက်ခံမှုများမှ ထွက်ပေါ်လာသော ဥပဒေပေါင်းများစွာဖြင့် စနစ်တကျဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

GRB ကြိုးပမ်းအားထုတ်မှုများကို ကျားမဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းအဖွဲ့ တွဲဖက်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘတ်ဂျက်ဝန်ကြီးဌာနရှိ လူမှုဆိုင်ရာဘတ်ဂျက် ညွှန်ကြားရေးမှူး၊ နှင့် ကျားမတန်းတူညီမျှမှု

ရရှိရေးဝန်ကြီးဌာနရှိ အမျိုးသမီးရေးရာမူဝါဒညွှန်ကြားရေးမှူးတို့မှ တွန်းအားပေးဆောင်ရွက်ခဲ့သည်။ အစိုးရသည် အဓိကဝန်ကြီး ဌာနများဖြစ်သော တရားရေး၊ အလုပ်သမား၊ ကျန်းမာရေးနှင့်ဖူလုံရေး၊ စိုက်ပျိုးရေးနှင့် သစ်တော၊ ပညာရေးနှင့်လူသားအရင်းအမြစ်၊ အစိုးရအဖွဲ့နှင့်ပြည်ထဲရေးဝန်ကြီးဌာနများ တွင် အဓိကဆက်သွယ်ဆောင်ရွက်ရမည့် အမျိုးသမီးပုဂ္ဂိုလ်များကိုထားရှိပေးခဲ့သည်။

မူဝါဒအကြံပေးအဖွဲ့တစ်ဖွဲ့ဖြစ်သောကိုရီးယားအမျိုးသမီးဖွံ့ဖြိုးမှုအဖွဲ့အစည်း( KWDI) သည် အမျိုးသား ဘဏ္ဍာရေးဥပဒေများရှိပြဋ္ဌာန်းချက်များနှင့် အတူ ကျားမဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဥပဒေရေးရာ အာပေးထောက်ခံမှုများအတွက် မူဘောင်တစ်ခုကို ရေးဆွဲသတ်မှတ်ခဲ့ပါသည်။ ပထမဦးစွာ KWDIသည် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲများ၊ ပြည်ပခရီးစဉ်များနှင့် ကျားမရေးရာဘတ်ဂျက်ဖိုရမ် (အစိုးရဝန်ကြီး ဌာနနှင့် အဖွဲ့အစည်းများမှအရာရှိများ၊ ပညာရှင်များ၊ စာနယ်ဇင်းသမားများ နှင့် အရပ်ဖက် အဖွဲ့အစည်းများ) ပါဝင်သည့် ကျယ်ပြန့်သော ဆွေးနွေးတိုင်ပင်မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ၂၀၀၈ခုနှစ်တွင် KWDI သည် အပိုင်းနှစ်ပိုင်းပါဝင်သည့် [(၁) အမျိုးသမီးများ အတွက် ရည်ရွယ်သတ်မှတ်ထားသည့်အသုံးစရိတ်နှင့် ကျားမတန်းတူညီမျှမှုတိုးတက်ရေး နှင့် (၂) ကျားမရေးရာအတွက် အဓိက ဆောင်ရွက်ရမည့်လုပ်ငန်းတို့] ကျားမရေးရာဘတ်ဂျက်ကြေငြာချက်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ ပါသည်။

စီးပွားရေးကိစ္စရပ်များ၌ ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍများတွင် အမျိုးသမီးများ၏တန်းတူညီမျှပါဝင်ခွင့်ရရှိ ရေး သည် အထူးသဖြင့် ကိုရီးယားနှင့်သက်ဆိုင်ပုံရပြီး ဂျပန်ကဲ့သို့ သက်ကြီးရွယ်အိုလူဦးရေနှင့် ယဉ်ကျေးမှု အခြေအနေအရ အမျိုးသမီးများသည် မြင့်မားသောပညာရေးကို ရရှိထားသော်လည်း လုပ်သားအင်အားတွင် ပါဝင်မှုနိမ့်ကျခြင်းကို ကြုံတွေ့နေရပါသည်။ ယဉ်ကျေးမှုစံနှုန်းများသည် အမျိုးသား ကုန်ထုတ်စွမ်းအားအပေါ် အလွန်ဆိုးရွားစွာ သက်ရောက်ခဲ့သည်။ ထို့ကြောင့် ကိုရီးယားနိုင်ငံ၏ GRBကြိုးပမ်းမှုများတွင် အမျိုးသမီးများ ၏ အိမ်မှုကိစ္စများကိုလျှော့ချ၍ လုပ်သားပါဝင်မှုမြှင့်တင်ရန်အစီအစဉ်တို့ကိုစတင်ဖန်တီးခဲ့ပါသည်။

## မြန်မာနိုင်ငံအတွက် အတုယူဖွယ်များ – ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး၊ ဥပဒေရေးရာ အားပေးထောက်ခံခြင်း၊ ပြည်တွင်းလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ဗဟို ချုပ်ကိုင်မှုစနစ်လျှော့ချခြင်း

ကိစ္စရပ်လေးခုတွင်ပြသထားသည့်အတိုင်း GRB သည် ပထမဆုံးအနေဖြင့် နိုင်ငံရေးအရ ပါဝင်ရန် လိုအပ်ပြီး ဥပဒေဆိုင်ရာ ကျောထောက်နောက်ခံပြုမှု၊ ဝန်ကြီးဌာနများအကြားပူးပေါင်းဆောင်ရွက်မှု၊ ကဏ္ဍအလိုက် အကောင်အထည်ဖော်မှု၊ ယုံကြည်စိတ်ချရမှု၊ အသေးစိတ်ပါဝင်သော လိင်ခွဲခြားထားသည့် အချက်အလက် များနှင့် အရေးကြီးဆုံးအဖြစ် ပြည်သူများသို့ချပြနိုင်သည့် ဘတ်ဂျက်အချက်အလက်များ ပွင့်လင်းမြင်သာမှု ရှိခြင်းတို့ကို ရှင်းလင်းဖော်ပြရန်လိုအပ်သည်။ ကျားမရေးရာအလေးပေးသည့် ဘတ်ဂျက်ရေးဆွဲမှုလုပ်ငန်းစဉ် သည် ရွေးကောက်ပွဲဆိုင်ရာကတိကဝတ်များနှင့်အညီ အစိုးရ၏တာဝန်ခံမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် ပြည်သူ့ ဝန်ထမ်းဆောင်မှုများ၏ ဗဟိုချက်အဖြစ်တည်ရှိနေသည်။ ကိစ္စရပ်အားလုံးတွင် ဆုံးဖြတ်ချက်ချသူများသည် အကျိုးသက်ဆိုင်သည့် အဖွဲ့အစည်းများ၊ အထူးသဖြင့် အရပ်ဖက်အဖွဲ့အစည်းများ၊ အောက်ခြေအဆင့်ရှိ အမျိုးသမီးများနှင့် အကြံဉာဏ်ပေးသူများနှင့်အတူ မတူကွဲပြားသည့်လမ်းကြောင်းများဖြင့် နီးကပ်စွာ ဆောင်ရွက်ခဲ့ရသည်။

GRB အကောင်အထည်ဖော်မှုအတွက် NLD အစိုးရသည် အရပ်ဖက်အဖွဲ့အစည်း အုပ်စုများနှင့် ညှိနှိုင်းဆောင်ရွက်ရန်အတွက် ဆန္ဒရှိရန်လိုအပ်သည်။ အရပ်ဖက်အဖွဲ့အစည်းများ၏ဆောင်ရွက်ချက်များ

အပေါ် ကန့်သတ်ချက်များတိုးမြှင့်ခဲ့သဖြင့် အစိုးရအာဏာပိုင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ဆက်ဆံရေးသည် အပျက်သဘောဆောင်သည့် သက်ရောက်မှုမျိုးရှိခဲ့သောကြောင့် ညှိနှိုင်းဆောင်ရွက်ရေးသည် လက်ရှိအခြေအနေတွင် ပျောက်ဆုံးလျက်ရှိပါသည်။ အထူးသဖြင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့်ပြည်သူတို့ပါဝင်သော တွေ့ဆုံဆွေးနွေးပွဲများမရှိခြင်းသည် အပြန်အလှန်ဆွေးနွေးပွဲများ၌ သိသာထင်ရှားသည့် ကွာဟမှုကို ဖြစ်ပေါ်စေသည်။


မြန်မာနိုင်ငံအတွက် အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့တွင် ၎င်းတို့၏နိုင်ငံအတွင်း GRB အကောင်အထည်ဖော်မှုများ မည့်သို့ဆောင်ရွက်နေကြောင်း ဥပမာများသည် ပြည်နယ်များတွင် မည်သို့ဆောင်ရွက်နိုင်ကြောင်း ပုံဖော်ပြသထားခြင်းပင်ဖြစ်သည်။ GRB၏ ရလဒ်ကောင်းတစ်ခုမှာ ဘဏ္ဍာရေးဆိုင်ရာဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းပေါ်ပေါက်လာမှုသည် အစိုးရ၏ ပြည်နယ်အဆင့်ကျားမရေးရာဘတ်ဂျက်ရေးဆွဲရာတွင် အရေးပါသောပူးပေါင်းပါဝင်မှုအဖြစ် မြှင့်တင်ပေးခဲ့သည်။ ယခုအချိန်ထိ ယင်းကဲ့သို့ ရှားပါးသည့်ဒေသန္တရ အစီအစဉ်များကို အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အမျိုးမျိုးကွဲပြားသည့် လူဦးရေနှင့် ဒေသဆိုင်ရာ အခြေအနေရှိသောနိုင်ငံများ၌ ပြည်နယ်ဆိုင်ရာကျားမရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း အပါအဝင်ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် ဘဏ္ဍာရေး၊ အုပ်ချုပ်ရေးနှင့်လူမှုရေးဆိုင်ရာ နိုင်ငံရေးစိန်ခေါ်မှုများကို ဖြေရှင်းရန် အဓိကအချက်ဖြစ်သည်။

## မြန်မာနိုင်ငံ၌ အမျိုးသားများဦးဆောင်သော ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုအားနည်းနေခြင်း

မြန်မာနိုင်ငံ၏ ပြည်သူဘဏ္ဍာစီမံခန့်ခွဲမှုအားနည်းခြင်းသည် ဝင်ငွေခွန်ပွင့်လင်းမြင်သာမှုနှင့်ဆက်စပ်နေသော အခြေအနေများမရှိခြင်း၊ အထူးသဖြင့် သဘာဝအရင်းအမြစ်များမှရရှိသောဝင်ငွေခွန် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ မညီမျှသော အခွန်ကောက်ခံမှု နှင့် အကျင့်ပျက်ခြစားမှု၏ သိသာထင်ရှားသော အခြေအနေများကြောင့် နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်နေကြသော ဘဏ္ဍာရေးစီမံခန့်ခွဲမှုအားကောင်းရေးမှာ လိုအပ်လျက်ရှိပါသည်။

အထူးသဖြင့် ကျယ်ပြန့်သောဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးမပြီးဆုံးသေးသမျှ ရှင်းလင်းမှုရှိမည်မဟုတ်ပေ။ ပြည်ထောင်စုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အဖွဲ့အစည်းများ၏ အသုံးစရိတ်ဆိုင်ရာတာဝန်ဝတ္တရားများသည် ရှင်းလင်းမှုမရှိသောကြောင့် အစိုးရအသုံးစရိတ်ကို မည်မျှအထိ ခွဲဝေချထားသည်ကို နားလည်ရန်ခက်ခဲစေသည်။ ထို့အပြင် ပြည်နယ်အဆင့်တွင်တရားဝင်မှတ်တမ်းထားရှိသည့် အချို့သောအသုံးစရိတ်များသည် စင်စစ်အားဖြင့် ပြည်ထောင်စုအဆင့်မှ ဆုံးဖြတ်ပေးခြင်းဖြစ်ပါသည်။ ပြည်ထောင်စုဘတ်ဂျက်အားလုံး၏ ၁၁% ခန့်သာ ပြည်နယ်အစိုးရများမှ ထိန်းချုပ်ထားနိုင် သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးများသည် ကဏ္ဍ (၃၀)ကျော်တွင် အခွန်များကောက်ခံသင့်သည်မှန်သော်လည်း ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများလုံလောက်မှု မရှိခြင်းသည် ယင်းသို့ဆောင်ရွက်ရာတွင်အနှောင့်အယှက်ဖြစ်စေပါသည်။

# ပုံ- ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘတ်ဂျက်များကို ပြင်ဆင်ခြင်း




ဘတ်ဂျက်ရေးဆွဲခြင်းသည် ဝန်ကြီးဌာနများအကြား ဆောင်ရွက်ရသောလုပ်ငန်းစဉ် တစ်ခုဖြစ်ပြီးအစိုးရများ မည်သို့လည်ပတ်သည်ကို အဓိကထားရေးဆွဲသည်။ တစ်ဦးတစ်ယောက်ချင်းစီပါဝင်သည့် ကျား၊ မ ရေးရာ အလေးပေးသောဘတ်ဂျက်ရေးဆွဲခြင်းနည်းလမ်းသည် စနစ်တကျ ကန့်သတ်ဖယ်ထုတ်ထားသော အုပ်စုများ ဖြစ်သည့် အထူးသဖြင့်အမျိုးသမီးများအတွက် အခြေခံကျသောဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အင်အားစုများ ကို စမ်းသပ်အကဲဖြတ်နိုင်သည်။

မြန်မာနိုင်ငံတွင် ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းစဉ်နှင့် တရားဝင် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် အမျိုးသားများ ဦးဆောင်သောအရာဖြစ်ပြီး အမျိုးသားများ၏အခွင့်အရေးနှင့် လိုအပ်ချက်များကို ဆက်လက်တည်တံ့စေပါသည်။

မြန်မာနိုင်ငံ၏ အစိုးရဝန်ထမ်းတစ်ဝက်ကျော်ခန့်သည် အမျိုးသမီးများဖြစ်ကြသော်လည်း ပြည်တွင်းအခွန် ဦးစီးဌာန နှင့် စာရင်းအင်းဦးစီးဌာနတို့တွင် သိသာထင်ရှားစွာ နိုင်ငံတော်အဆင့်ဖြစ်သည့် ညွှန်ကြားရေးမှူးချုပ် နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ကဲ့သို့ အဆင့်မြင့်ရာထူးနေရာအများစုတွင် အမျိုးသမီးများမရှိသလောက် နည်းပါးနေပြီး အလားတူပြည်နယ်အဆင့်တွင် အာဏာအရှိဆုံးရာထူးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးမှူးများ အားလုံးသည်လည်း အမျိုးသားများပင်ဖြစ်နေသည်။ ဝန်ကြီးဌာနများရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ရာထူးများ၏ (၈၀)% ခန့်နှင့် အခြားအရပ်ဖက် အုပ်ချုပ်ရေးဌာနများ၏ ဒါရိုက်တာများ သည်လည်း အငြိမ်းစားစစ်အရာရှိများသာဖြစ်ကြသည်။

၂၀၁၅ခုနှစ်နောက်ပိုင်းတွင်ပင် ဗျူရိုကရေစီယန္တရားနှင့် လက်နက်ကိုင်တပ်ဖွဲ့များမှ ကြိုးကိုင်ခြယ်လှယ်သည့် အလားအလာများကို ပြောင်းလဲရန် အတိုက်အခံများစွာ ရှိနေသေးသည်။ စစ်တပ်ကဲ့သို့ပင် ပြည်သူ့ဝန်ဆောင်မှုကို ဝါစဉ်ကြီးစဉ်ငယ်လိုက်အုပ်ချုပ်မှုနှင့် အပေါ်အောက်အဆင့်ဆင့်ဆုံးဖြတ်ချက် ချမှတ်သည့်လုပ်ငန်းစဉ်များနှင့်အတူ ဆန်းသစ်တီထွင်မှုနှင့် ပူးပေါင်းပါဝင်မှုနည်းလမ်းများအား အဟန့်အတား ဖြစ်စေသောအထက်မှအောက်သို့ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာလွှမ်းမိုးမှုများရှိကြသည်။ ခေါင်းဆောင်သူ ပုဂ္ဂိုလ်များနှင့် ခွဲခြားမှုများသည် အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေဆဲ ဖြစ်သည်။

အစိုးရတစ်ခုလုံး၏ ကျားမရေးရာ ဘတ်ဂျက်ရေးဆွဲရေးအစီအစဉ်ကို ပြည်ထောင်စုအဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့်စီစဉ်လျှင် အောင်မြင်နိုင်သော်လည်း ယခုအချိန်အထိ (နိုင်ငံတကာ နှင့် ဒေသတွင်း) ချိတ်ဆက်ဆောင်ရွက်မှုမျိုး မရှိသေးပေ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဖွံ့ဖြိုးရေး နှင့်သက်ဆိုင်သော စီမံကိန်းရေးဆွဲခြင်းအားလုံးအတွက် အဓိကကျသောကြောင့် ဤဝန်ကြီးဌာနမှတစ်ဆင့် အကောင်အထည်ဖော်ပါက ကျားမတန်းတူညီမျှရှိရေးအတွက် ဆောင်ရွက်မှုများသည် အလွန်ထိရောက်မည် ဖြစ်သည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိဘတ်ဂျက်ဌာနသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနနှင့်အတူ အမျိုးသားဘတ်ဂျက်၏ အများဆုံးအပိုင်းကို ရရှိထားသည်။

ပိုမိုလွယ်ကူသော အစပျိုးမှုဆောင်ရွက်မှုတစ်ခုသည် သီးခြားသတ်မှတ်ထားသည့် ပြည်သူ့အသုံးစရိတ်နေရာ (ဥပမာ ကျန်းမာရေး၊သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးစသည်) နှင့်သက်ဆိုင်သော အဓိကတာဝန်ယူ ဆောင်ရွက်ရသည့် ဝန်ကြီးဌာနတစ်ခုကို ဖြစ်ပေါ်စေနိုင်သည်။ အခြားမဟာဗျူဟာတစ်ခုမှာ ကိုယ်ပိုင်ဘတ်ဂျက်များအပေါ် ထိန်းချုပ်မှုတွင်သိသာထင်ရှားသောအဆင့်များရှိသည့် အစိုးရအဖွဲ့အစည်းများနှင့် GRB ကို စိတ်ဝင်စားသော ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်မြင့်အရာရှိများကို ဖော်ထုတ်သတ်မှတ်ရန်ဖြစ်သည်။ (ဥပမာ-ပြည်ထောင်စု အဆင့်ရှိဝန်ကြီးဌာနများ၏ ဝန်ကြီးဌာနအလိုက် အသုံးစရိတ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများ၊ မြို့နယ် စီမံကိန်းနှင့် အကောင်အထည် ဖော်ရေး ကော်မတီများ)

ကျားမရေးရာသည် နားလည်ရန်ခက်ခဲသောကြောင့် အစိုးရအနေဖြင့် ကျားမတန်းတူညီမျှမှု၊ GRB ကိုအသုံးချခြင်း၊ ဘတ်ဂျက်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့်စောင့်ကြည့်ခြင်း (ကျားမဘတ်ဂျက် ရေးဆွဲရေး လမ်းညွှန်ချက်များနှင့်ကိရိယာများ)တို့တွင် ဗဟုသုတနှင့်ကျွမ်းကျင်မှုများ လိုအပ်သည်။ GRB ကိုဒုတိယအဆင့် (၂၀၁၈-၂၀၂၂) အကောင်အထည်ဖော်ရေးစီမံကိန်းနှင့် အစိုးရ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု စနစ်အောက်တွင် ထည့်သွင်းပေါင်းစည်းသင့်သည်။ ကမ္ဘာ့ဘဏ်၊ ဗြိတိန်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုဌာနနှင့် ဩစတေးလျရှိ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဌာနတို့အပါအဝင် ဖွံ့ဖြိုးရေးမိတ်ဖက်များမှ ထောက်ပံ့ပေးပြီး ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးအစီအစဉ်သည် အလားအလာကောင်းသည့် ထောက်ပံ့မှုဖြစ်သည်။

## မြန်မာနိုင်ငံ၌ ကျားမဆိုင်ရာအလေးပေးမှုရှိသောဘတ်ဂျက်ရေးဆွဲခြင်းကို ဦးတည်စေရန် အကြံပြုထားသောအဆင့်များ

အကူအညီပေးသည့်ကိစ္စရပ်များထိရောက်မှုရှိစေရေး ပဲရစ်ကြေငြာချက်စာတမ်းကို ထောက်ခံသည့် အနေဖြင့် ၂၀၀၈ ခုနှစ် အက်ကရာလှုပ်ရှားမှုအစီအစဉ်သည် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ကျားမရေးရာနှင့် ပတ်သက်သည့် ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းစဉ်ကို အတိအလင်း သတ်မှတ်ပြဋ္ဌာန်းခွင့်ရှိသည်။ ၂၀၁၆ခုနှစ် မြန်မာနိုင်ငံဆိုင်ရာစာတမ်းတွင် နှစ်စဉ်ဘတ်ဂျက်လည်ပတ်မှု၏အဆင့်တိုင်းတွင် ကျားမရေးရာဘတ်ဂျက် ရေးဆွဲခြင်းကို မည်သို့ကြည့်ရှုနိုင်မည်ကို ဖော်ပြထားပြီး ကျားမခွဲခြားမှုမရှိသောဘတ်ဂျက်အား ကျားမရေးရာ အလေးပေးသော ဘတ်ဂျက်သို့ ပြောင်းလဲရန် အောက်ပါ အဆင့်များကို အကြံပြုထားသည်။

## ယေဘုယျဘတ်ဂျက်ရေးဆွဲခြင်း

- ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တပြေးညီဖြစ်သော စုစည်းထားသည့် ဘတ်ဂျက်ကိုသတ်မှတ်ခြင်း
- အစိုးရအဆင့်အားလုံးရှိ ဘတ်ဂျက် ခွဲဝေချထားမှုနှင့် လုပ်ငန်းစဉ်တို့အား ပွင့်လင်းမြင်သာမှု တိုးမြှင့်ခြင်း
- အပြည့်အဝအကုန်အကျခံဆောင်ရွက်မည့်ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များအတွက် မူဝါဒအဆိုပြုချက်များနှင့် ရှင်းလင်းစွာချိတ်ဆက်ဆောင်ရွက်ခြင်း
- အဓိကကျသည့် လူမှုရေးဆိုင်ရာကဏ္ဍများ (ကျန်းမာရေး၊ ပညာရေးနှင့်လူမှုဖူလုံရေး)အတွက် ကနဦးအသုံးစရိတ်ကို တိုးမြှင့်ရန်ကတိကဝတ်ပြုခြင်း

### အချက်အလက်များ

- အစိုးရသို့ပေးဆောင်ရသောအခွန်များ၏အရင်းအမြစ်များအပေါ် ကျားမခွဲခြားထားသည့် အချက်အလက်များအား ကောက်ယူခြင်း (ဥပမာ– အခွန်များ၊ ဒဏ်ကြေးငွေများ၊ အခကြေးငွေ၊ သဘာဝယံဇာတများမှ ရရှိသော ဝင်ငွေ)
- ကျားမ မညီမျှမှုများလျှော့ချခြင်းအပေါ် သက်ရောက်မှုများအပါအဝင် ဘတ်ဂျက်သွင်းအားစုနှင့်ရလဒ်များနှင့်စပ်လျဉ်းသည့် ကျားမခွဲခြားမှုအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ကောက်ယူခြင်း၊ ဤကိစ္စရပ်များသည်ဖော်ပြပါမူဝါဒရည်မှန်းချက်များနှင့် မည်သို့ကိုက်ညီမှုရှိ၊ မရှိ ကို အကဲဖြတ်ခြင်း၊
- အမျိုးသားအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် ဘတ်ဂျက်ခွဲဝေချထားမှုအတွက် အမျိုးသားနှင့်အမျိုးသမီးများ၏ ဦးစားပေးမှုများအပေါ် ကျားမခွဲခြားမှု အချက်အလက်များအား ကောက်ခံခြင်း

### အကျိုးစီးပွားသက်ဆိုင်သူများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း

- အဓိပ္ပါယ်ပြည့်ဝသော အများပြည်သူပါဝင်မှုတွင် အမျိုးသမီးများနှင့် အခြားဖယ်ကျဉ်ခံ ရသောအုပ်စုများ၏ ပါဝင်မှုကို အလေးပေးဆောင်ရွက်ခြင်းနှင့် အခွင့်အလမ်းများတိုးမြှင့်ပေးခြင်း
- အထူးသဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ရှိ ဘတ်ဂျက်ဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်ချခြင်းသည့် ကိစ္စရပ်များတွင် ကျယ်ကျယ်ပြန့်ပြန့်ချိတ်ဆက်ရန် အရပ်ဖက်အဖွဲ့အစည်းများနှင့် တက်ရောက်သူဦးရေများ ကိုတိုးမြှင့်ခြင်း။ ဖော်ပြရန်လိုအပ်သည့် ပိုမိုကျယ်ပြန့်သောကျားမမညီမျှမှုများကြောင့် အမျိုးသမီးများပါဝင် ရန် ထပ်မံ၍ အခက်အခဲများ ကြုံတွေ့ရနိုင်သည်ကို အသိအမှတ်ပြုခြင်း။
- ဘတ်ဂျက်လုပ်ငန်းစဉ်၌ ပါဝင်ရန် အမျိုးသမီးအဖွဲ့အစည်းများ၏ စွမ်းရည်တိုးတက်မြှင့်မား စေရေးအတွက် တိကျသော ကြားဝင်ဆောင်ရွက်မှုကိုအကောင်အထည်ဖော်ခြင်း၊ ယင်းတို့သည် နည်းပညာကျွမ်းကျင်မှုနှင့် ပြောရေးဆိုခွင့်ရှိမှုနှင့် ခေါင်းဆောင်မှု တို့တည်ဆောက်ခြင်းအပေါ် အဓိကထားဆောင်ရွက်ခြင်း။

### မူဝါဒ

- ကျားမတန်းတူညီမျှမှုကိုတိုးမြှင့်ဆောင်ရွက်ရန်နှင့် ကျားမခွဲခြားဆက်ဆံမှုကိုတိုက်ဖျက်ရန် အစိုးရ၏ ကတိကဝတ်များအား ဝန်ကြီးဌာနအားလုံးက အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ခြင်း၊( NSPAW နှင့် CEDAW အခြားအဖွဲ့အစည်းများအကြား ဖော်ပြထားသည်)
- ကျားမ မညီမျှမှုအပေါ် စိန်ခေါ်နိုင်မည့် တိကျသောဆောင်ရွက်မှုများကိုသတ်မှတ်ဖော်ထုတ်သည့်မူဝါဒ အကဲဖြတ်မှုများပြုလုပ်ရန် NSPAW ကိုတည်ဆောက်ခြင်း

### စောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်း

- ကျားမဘတ်ဂျက်ရေးဆွဲခြင်းနှင့်ရလဒ်များကိုထုတ်ဝေခြင်းတို့နှင့် ပတ်သက်သည့်ဖွံ့ဖြိုးမှုစီမံကိန်းများအား ပိုမိုစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ပိုမိုဆောင်ရွက်ခြင်း [57]

(57) *All GRB recommendations taken from Jasmine Burnley, Melanie Hilton, Poe EiPhyu and NilarTun, A case for gender responsive budgeting in Myanmar (Myanmar: ActionAid, Care, Oxfam, WON, 2016).*

# ပုံ : ‘မြန်မာနိုင်ငံအစိုးရအနေဖြင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို မည်သို့ ဆောင်ရွက်နိုင်ကြောင်း ဥပမာတစ်ခု’





**FIGURE 4: AN EXAMPLE ON HOW THE GOVERNMENT OF MYANMAR COULD UNDERTAKE A GENDER RESPONSIVE BUDGETING PROCESS**

ဇယား : 'အာရှ-ပစိဖိတ်နိုင်ငံများရှိ GRB ဆောင်ရွက်မှုအသေးစိတ်အခြေအနေ

# Annex 1

## DETAILED STATUS OF GRB IN ASIA-PACIFIC COUNTRIES

| | | EAST AND NORTH-EAST ASIA | SOUTH-EAST ASIA | SOUTH AND SOUTH-WEST ASIA | PACIFIC (EXCLUDING AUSTRALIA AND NEW ZEALAND) |
|---|---|---|---|---|---|
| **NATIONAL COMMITMENTS TO GENDER EQUALITY** | | | | | |
| **Gender equality (GE) goals are reflected in:** | **Constitution** | China, Republic of Korea | Cambodia, Indonesia, Lao PDR, Malaysia, Myanmar, Philippines, Sri Lanka, Thailand, Timor-Leste, Viet Nam | Afghanistan, Bangladesh, Bhutan, India, Maldives, Nepal, Pakistan | Cook Islands, Fiji, Kiribati, Papua New Guinea, Samoa, Solomon Islands, Vanuatu |
| | **National law, plan, policy and/or strategy** | China, Republic of Korea | Cambodia, Indonesia, Lao PDR, Malaysia, Myanmar, Philippines, Sri Lanka, Thailand, Timor-Leste, Viet Nam | Afghanistan, Bangladesh, Bhutan, India, Maldives, Nepal, Pakistan | Cook Islands, Fiji, Kiribati, Papua New Guinea, Samoa, Solomon Islands, Vanuatu |
| **BUDGETARY INFORMATION** | | | | | |
| **Budget available on public platforms:** | **Aggregate budgets of individual ministries** | Republic of Korea | Cambodia, Indonesia, Lao PDR, Malaysia, Philippines, Sri Lanka (Ministerial budget outline), Thailand, Timor-Leste, Viet Nam (Ministerial budget outline) | Afghanistan, Bangladesh, India, Nepal, Pakistan | Cook Islands, Fiji, Kiribati, Papua New Guinea, Samoa, Vanuatu (Ministerial budget outline) |
| | **Programme-based budget** | Republic of Korea | Indonesia, Philippines, Sri Lanka (limited), Thailand, Timor-Leste, Viet Nam (alongside line budget) | Afghanistan (operational budget), Bangladesh (available upon request), India, Nepal, Pakistan | Cook Islands |
| | **Performance-based budgeting*** | Republic of Korea | Cambodia, Indonesia, Malaysia, Philippines, Thailand, Timor-Leste | Afghanistan, Bhutan, Nepal, Pakistan (MTBF#) | Samoa |
| **LEVEL OF BUDGET TRANSPARENCY (OBI SCORE^ 2015)** | | | | | |
| | **Sufficient (Substantial)** | Republic of Korea | Indonesia, Philippines | | |
| | **Insufficient (Limited or Minimal)** | | Malaysia, Sri Lanka, Thailand, Timor-Leste | Afghanistan, Bangladesh, India, Nepal, Pakistan | Papua New Guinea |
| | **Insufficient (Scant/ None)** | China | Cambodia, Myanmar, Viet Nam | | Fiji |
| **GRB MECHANISMS** | | | | | |
| | **GRB is mentioned in national plans** | Republic of Korea | Cambodia, Indonesia, Lao PDR, Philippines, Timor-Leste | Afghanistan, Bangladesh, Bhutan, India, Nepal, Pakistan | Cook Islands, Papua New Guinea |
| | **Legislation for GRB** | Republic of Korea | Lao PDR, Philippines, Viet Nam | | |
| | **National plan/ strategy specifically for GRB** | China (Articles of Shenzhen's local regulation specifically mention GRB), Republic of Korea | Indonesia, Malaysia (in progress), Philippines, Thailand | Afghanistan, Bangladesh (no strategy but GRB is mentioned in the National Women Development Policy), Bhutan, India, Nepal | |
| | **Directives/policy guidelines for GRB** | Republic of Korea | Indonesia, Lao PDR, Philippines, Sri Lanka (limited to rural development), Timor-Leste, Viet Nam (guidelines for funding for GE) | Afghanistan, Bangladesh, Bhutan, India, Nepal, Pakistan (guidelines on GRB tools was developed but not widely used) | Samoa (large social sector projects must meet gender criteria; Sector Planning Manual refers to gender mainstreaming) |
| | **Gender budget statement at national level** | Republic of Korea | Indonesia | Bangladesh, India, Nepal, Pakistan | |
| | **GRB mentioned in budget call circular** | Republic of Korea | Indonesia, Malaysia, Philippines, Timor-Leste | Afghanistan, Bangladesh, Bhutan, India, Nepal, Pakistan | |
| | **Gender audit** | Republic of Korea | Philippines | India, Nepal | |
| | **Engagement at subnational levels** | China, Republic of Korea | Cambodia, Indonesia, Malaysia, Philippines, Sri Lanka (selected departments to allocate 25 per cent of funds for women under rural economic investment projects), Thailand (limited), Timor-Leste, Viet Nam (limited to implementation of national strategy for GE) | Bangladesh (limited), India, Nepal, Pakistan (gender mainstreaming initiatives by provincial governments) | Samoa |
| | **Participatory GRB processes at the local level** | China, Republic of Korea | Cambodia, Indonesia (limited), Malaysia, Philippines, Thailand (limited), Timor-Leste | India (limited), Nepal | Samoa (participatory processes although not specific to GRB) |

# အပြီးသတ်ထင်မြင်ယူဆချက်များ

## ကျားမအလေးပေးမှုရှိသော ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အခြားလုပ်ငန်းစဉ်များမှတစ်ဆင့် စစ်တပ်လွှမ်းမိုးသောအခြေအနေတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုမြှင့်တင်ခြင်း

➤ **အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည်ငင်းတို့၏အခန်းကဏ္ဍများတွင်ငင်းတို့ကိုယ်တိုင်မည်သို့လေ့လာသနည်း။**

ယေဘူယျခွဲခြားဆက်ဆံမှုများ၊ အမျိုးသမီးများ၏ခေါင်းဆောင်မှုစွမ်းရည်များအပေါ်ဆက်လက်တည်ရှိနေသော သံသယရှိများနှင့် လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုများကို ရင်ဆိုင်ရသောအခါ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် မလုံခြုံမှုနှင့် ငင်းတို့၏ ကိုယ်ပိုင်အားနည်း ချက်များနှင့်စပ်လျဉ်း၍ သတိပြုမှုများကို တုန့်ပြန်ရန်အလေးထားကြပါသည်။ ထို့အပြင် လွှတ်တော်ကိုယ်စား လှယ်များပင်လျှင် မိသားစုနှင့် လူမှုအဖွဲ့အစည်း ဆိုင်ရာမျှော်လင့်ချက်များက အမျိုးသမီးများသည် အိမ်အလုပ်များ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အမျိုးသမီးများအား ဆက်လက်လုပ်ဆောင်ရန် ညွှန်ကြားထားခြင်းကြောင့် မိသားစု၊ လွှတ်တော်နှင့် မဲဆန္ဒနယ်များတွင် အလုပ်ဝန်များ ပိနေစေသည်။

နည်းပညာကျွမ်းကျင်မှုများနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် စွမ်းရည်ရှိသော အမျိုးသမီးများသည် ငင်းတို့၏မဲဆန္ဒနယ်များ နှင့် အမျိုးသားလုပ်ဖော်ကိုင်ဖက်များနှင့်အတူ အလုပ်လုပ်ရန် ယုံကြည်မှုရှိပြီး သိသာထင်ရှားသော ပြောင်းလဲမှုများရှိသည်ကိုတွေ့ရသည်။ သင်တန်းများသည် အမျိုးသမီးများကို ငင်းတို့၏ အခက်အခဲများ၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုများနှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်စေရန် အကူအညီပေးပါသည်။ အမျိုးသားများကြီးစိုးသည့်ပတ်ဝန်းကျင်ရှိ မြန်မာအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များကို အဓိကနယ်ပယ်နှစ်ခုတွင် မရှိမဖြစ်ထောက်ပံ့ရန်လိုအပ်သည်။ ပထမအချက်မှာ ငင်းတို့၏ ကိုယ်ပိုင်ခေါင်းဆောင်မှုနှင့် နည်းပညာကျွမ်းကျင်မှုများကိုမြှင့်တင်၍ ငင်းတို့၏မဲဆန္ဒနယ်များ၏ အကျိုးစီးပွားကို အမျိုးသားနှင့်တိုင်းဒေသကြီး/ပြည်နယ်အဆင့် လွှတ်တော်များ၌ ထိရောက်စွာကိုယ်စားပြုနိုင်ရန်၊ ဒုတိယအချက်မှာ အုပ်ချုပ်မှုနယ်ပယ်အားလုံးတွင် ကျားမတန်းတူညီမျှမှုကို မြှင့်တင်ပေးသည့် ဥပဒေများအားရေးဆွဲခြင်းနှင့် ချမှတ်အတည်ပြုခြင်းတို့အတွက် ပါတီစုံနှင့် ပါတီတွင်းမှ ယုံကြည်ထောက်ခံသူများ ဖြစ်လာစေရန်တို့ဖြစ်သည်။

ယခုအချိန်အထိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် တစ်ဆင့်ခံဥပဒေပြုမှု သို့မဟုတ် အခြေခံဥပဒေပြင်ဆင်မှုများကို သိသိသာသာတွန်းအားမပေးနိုင်သော်လည်း ငင်းတို့သည် တိုးတက်မည်ဟု မျှော်လင့်ရပါသည်။

➤ **ဂျာမနီနှင့်အင်ဒိုနီးရှားနိုင်ငံတို့ရှိ နိုင်ငံရေးပြောင်းလဲမှုများ၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် များ၏ အတွေ့အကြုံများကို အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် လေ့လာ၍ မြန်မာနိုင်ငံရှိအမျိုးသမီးလွှတ်တော်ကိုယ် စားလှယ်များ၏အတွေ့အကြုံများနှင့် နှိုင်းယှဉ်လျှင် မည်သို့ရှိမည်နည်း။**

အာဏာရှင်စနစ်၊ ကွန်မြူနစ်ဝါဒီ သို့မဟုတ် စစ်တပ်မှ ဒီမိုကရေစီစနစ်သို့ကူးပြောင်းသည့် နိုင်ငံရေးစနစ်သည် အမျိုးသမီးများ၏ ခေါင်းဆောင်မှုအား အလိုအလျောက် ကြိုဆိုခြင်းမဟုတ်ပေ။ အမျိုးသမီးများသည် စနစ်များနှင့် လူ့အဖွဲ့အစည်းများအားလုံး၌ ငင်းတို့၏နေရာမှန်ရရန် ရုန်းကန်နေရဆဲဖြစ်ပြီး မည်သည့်နည်းဖြင့်

မဆို ၎င်းတို့၏ တန်းတူညီမျှရရှိမည့်ဝေစုကို အလွယ်တကူလွှဲပြောင်းခံရခြင်းမရှိပေ။ အမျိုးသမီးများသည် ခေါင်းဆောင်ရသောနေရာများသို့ရောက်သောအခါ အာဏာအားနည်းမှုနှင့် ဆက်စပ်သော ပျော့ပျောင်းသည့် မူဝါဒနယ်ပယ်များတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်မှုတွင် အဆုံးသတ်သွားစေနိုင်သည့် ရာထူးများတွင်ဖြစ်စေ သို့မဟုတ် ကျရှုံးမှုနှင့်နီးစပ်သောစိန်ခေါ်မှုများတွင် အကောင်းဆုံးဖြစ်ရန် ထိန်းသိမ်းရလေ့ရှိကြသည်။ ဂျာမဏီ၊ အင်ဒိုနီးရှားနှင့်မြန်မာနိုင်ငံတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများတွင် ယဉ်ကျေးမှုနှင့် စီးပွားရေးကွဲပြားမှုများရှိသော်လည်း ၎င်းတို့နိုင်ငံရှိအဆင့်အတန်းတူသည့်အမျိုးသားများနှင့် ဆန့်ကျင်သူများ၏လိုက်စားရိုက်ခတ်မှုများကို မျှဝေခံစားခဲ့ရာတွင် သိသိသာသာ တူညီမှုရှိကြသည်။ အမျိုးသမီးများ၏စွမ်းဆောင်ရည်ကို အမျိုးသားများ၏စွမ်းဆောင်ရည်ထက် ပိုမိုဝေဖန်အကဲဖြတ်လေ့ရှိသောကြောင့် အမျိုးသမီးများ၏အလုပ်များသည် စံချိန်စံညွှန်းနှင့် ပြည့်မီရန်လိုအပ်သည်။ ထိုသို့ဖြစ်ပါက ဆန့်ကျင်သူများသည် များသောအားဖြင့် အမျိုးသမီးများ၏ ကိုယ်ရေးကိုယ်တာဘဝကိုသာ အာရုံစိုက်ကြမည်ဖြစ်ပြီး တစ်ဖန် အမျိုးသားများအတွက် ခွင့်ပြုချက်ထားသည့်အရာများသည် အမျိုးသမီးများအတွက် မဟုတ်ပဲ နေရာတိုင်း၌ စံချိန်စံညွှန်းနှစ်ဆအတိုင်းရှိနေဆဲဖြစ်သည်။

အရေးအကြီးဆုံးမှာ အမျိုးသမီးများသည် အခြားအမျိုးသမီးများ၏အပြင်းအထန်ဝေဖန်မှုများ ရှိကောင်း ရှိနေဆဲဖြစ်မည်။ အမျိုးသမီးများသည် ၎င်းတို့အချင်းချင်းကြား စည်းလုံးညီညွတ်ပိုမိုမရရှိပါက အမျိုးသားများ၏ ထောက်ပံ့မှုကို မည်သို့ တောင်းခံနိုင်မည်နည်း။ အကယ်၍ လူတိုင်းသည် စက္ကန့်တိုင်းတွင် စိတ်ထဲပေါ်ပေါက်လာသည့် စိတ်စွန်းကွက်မှုများနှင့် အချိန်မတန်မီဝေဖန်ချက်များအပေါ် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ကျားမဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို သတိပြုမိလာမှသာ စည်းလုံးမှုကို မြှင့်တင်ရန် လမ်းဖွင့်ပေးနိုင်မည် ဖြစ်ပါသည်။

- **မြန်မာနိုင်ငံတွင် မည်သည့်အရာများကိုပြောင်းလဲဖို့လိုမည်နည်း။ မည်သည့်အတွက်ကြောင့် ဤအရာများ ဖြစ်ပျက်မှုမရှိသနည်း။**

၂၀၁၁ခုနှစ် နိုင်ငံရေးအသွင်ကူးပြောင်းမှုအပြီး၌ပင် စစ်တပ်အုပ်စိုးမှုအမွေများသည် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ကျားမတန်းတူညီမျှမှုများအပေါ် ဆိုးကျိုးများစွာသက်ရောက်သည်။

ဖွဲ့စည်းတည်ဆောက်ပုံ၊ နည်းပညာ၊ နိုင်ငံရေးနှင့်ယဉ်ကျေးမှုအဟန့်အတားအများစုသည် ဆယ်စုနှစ်များစွာ စစ်တပ်အုပ်ချုပ်ရေးအာဏာအောက်မှ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောရလဒ်များဖြစ်သော စံနှုန်းများနှင့် အလေ့အကျင့်များမှ ဆင်းသက်လာခြင်းဖြစ်သည်။ ယင်းတို့တွင် အမျိုးသားနှင့် အမျိုးသမီးများက အမျိုးသားတို့၏ခေါင်းဆောင်မှုကို ပထမဦးဆုံး ဓလေ့ရိုးရာဦးစားပေးမှု၊ အာဏာရှင်စနစ်အပေါ် ခြေခံထားသော အမျိုးသားများကအထက်မှအောက်သို့ဆင့်ကဲအုပ်ချုပ်သည့် ခေါင်းဆောင်မှုပုံစံနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်စွမ်းကိုယ်စများနှင့် သမားရိုးကျနည်းလမ်းအပြင်ဘက်သို့ ဖောက်ထွက်စဉ်းစား တွေးခေါ်မှုများကို အားမပေးမှု၊ သမိုင်းကြောင်းအရ အခြားအဖွဲ့အစည်းအားလုံးနေရာကိုအစားထိုးခဲ့သည့် စစ်တပ်အဖွဲ့အစည်းမှအပ နိုင်ငံအဆင့်အဖွဲ့အစည်းများအားနည်းမှုတို့ပါဝင်သည်။ နောက်ပိုင်းတွင် ယင်းအဖွဲ့အစည်းများကို နိုင်ငံတကာ အကူအညီဖြင့် တဖြေးဖြေးအားဖြည့်နေသည်။ အလားတူပင် ပညာရေး၊ သင်တန်းများနှင့် နိုင်ငံတကာလေ့လာရေး အစီအစဉ်များသည် စစ်အုပ်ချုပ်ရေးနှင့်အပြည်ပြည်ဆိုင်ရာ ပိတ်ဆို့မှု အောက်တွင် ပြင်းထန်စွာကန့်သတ်ခံခဲ့ရခြင်း တို့ကြောင့် ကျွမ်းကျင်လုပ်သားအင်အားနှင့် နိုင်ငံတကာထိတွေ့ဆက်ဆံမှုမရှိခြင်းတို့ကို ဖြစ်ပေါ်စေသည်။ လွှတ်တော်ကိုယ်စားလှယ်နေရာ ၂၅% နှင့် ဝန်ကြီးဌာနများ၏ အမြင့်ဆုံးနှင့် အလယ်အလတ်ရာထူးနေရာများရှိ စစ်တပ်အမျိုးသားများသည် အမျိုးသမီးများအတွက် ထပ်မံ၍ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်နေရပြန်သည်။

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည်ငြိမ်းချမ်းရေးဖြစ်စဉ်အပါအဝင် လုံခြုံရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် အမျိုးသမီးများ၏အမြင်များကို တင်ပြဆွေးနွေးလာစေရန် လူ့အခွင့်အရေးနှင့်သမားရိုးကျ လုံခြုံရေးနှင့် ဆက်စပ်သည့်ကိစ္စရပ်များ၌ ကျွမ်းကျင်မှုရှိရန်လိုအပ်သည်။ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များသည် စစ်တပ်များအစဉ်အလာအားဖြင့်လစ်လျူရှုထားသည့် နိုင်ငံဖြတ်ကျော် သူများ၏ လုံခြုံရေးကိစ္စရပ်များကို မြှင့်တင်ဆောင်ရွက်သင့်သည်။ အထူးသဖြင့်နိုင်ငံတကာဆက်ဆံရေး၊ သတ္တုတွင်း၊ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ လွှတ်တော်ကော်မတီများတွင် ဆောင်ရွက်သင့်သည်။ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအတွက် သင်တန်းများတွင် တပ်မတော်သားကိုယ်စားလှယ်များနှင့် အပြန်အလှန် ဆက်သွယ်မှုအတွက် အထူးပြုလုပ်ထားသော ဆက်သွယ်ရေးနည်းဗျူဟာများပါဝင်သင့်သည်။

- **ကျား မ ရေး ရာ အ လေး ပေး သော ဘ တ် ဂျ က် ရေး ဆွဲ ခြ င်း သ ည် အ မျိုး သ မီး များ အား ဖယ်ကျဉ်ခံထားရခြင်းကို မည်သို့ကုစားနိုင်မည်နည်း။**

အထူးသဖြင့် အမျိုးသားများသည် အမျိုးသမီးများ၏ အရေးကိစ္စများကိုစိတ်ဝင်စားမှု မရှိသောကြောင့် 'အမျိုးသမီးများ၏အစီအစဉ်' များတွင် အမျိုးသမီးများအား မကြာခဏ ထပ်မံဖယ်ကျဉ်ခံရမည်မဟုတ်ပေ။ ဆန့်ကျင်ဘက်အားဖြင့် GRB သည် အာဏာတည်ရှိရာနေရာ၊ ငွေကြေးနှင့်အရင်းအမြစ်များကိုသာ အဓိကထားသည်။ ရွေးကောက်ပွဲဆိုင်ရာကတိကဝတ်များနှင့်အညီ အစိုးရ၏တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု နှင့် ပြည်သူ့ဝန်ဆောင်မှုပေးခြင်းတို့၏ အဓိကအချက်အလက်များ၌ GRB သည် လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခြင်းနှင့် အာဏာမညီမျှမှုများကိုပြင်ဆင်ရန်အတွက် အလွန်သင့်လျော်သည့်နည်းလမ်း ဖြစ်သည်။

နေးကွေးသော 'ယဉ်ကျေးမှုဆိုင်ရာပြောင်းလဲမှု' အတွက် စောင့်ဆိုင်းရမည့်အစား GRB သည် အဖြစ်မှန် အသစ်များကို ဖန်တီးရန် အလျင်အမြန်အကောင်အထည်ဖော်နိုင်သည့် အတိုင်းအတာတစ်ခုဖြစ်သည်။

ယခုအချိန်အထိ မြန်မာနိုင်ငံ၏ ဘတ်ဂျက်သည်အမျိုးသားများ၏အကျိုးစီးပွားနှင့် အမျိုးသားဦးဆောင်သော အဖွဲ့အစည်းများကို ပိုမိုဦးစားပေး၍ ကျားမ ခွဲခြားမှုမရှိဘဲဖြစ်ပြီး ကျန်းမာရေးနှင့် ပညာရေးအတွက် အလွန်အ မင်းနိမ့်ကျသောအသုံးစရိတ်အား မြင့်မားသောကာကွယ်ရေးဘတ်ဂျက်နှင့် ပေါင်းစပ်ထည့်သွင်း ထားသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရမည့်အစား ဒီမိုကရေစီစနစ်ရှိဘတ်ဂျက်သည် သာမာန်ပြည်သူ လူထု၊ အထူးသဖြင့်အမျိုးသမီးများ၏ ၅၂ ရာခိုင်နှုန်း၏လိုအပ်ချက်နှင့် မျှော်မှန်းချက်များကိုဖြည့် ဆည်းပေးနိုင်ရန် နိုင်ငံ့အရင်းအမြစ်များအား ခွဲဝေပေးသင့်သည်။

မြန်မာနိုင်ငံ၏ ထူးခြားသောအခြေအနေတွင် ဒီမိုကရေစီစနစ်ဖြင့်ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့အားပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရခြင်းကို မစဉ်းစားဘဲ ၎င်းတို့၏မဲဆန္ဒရှင်များ၏ အကျိုးစီးပွားကို ကိုယ်စားပြုသင့်သည်။ စစ်တပ်မှခန့်အပ်ထားသော လွှတ်တော် ကိုယ်စားလှယ်များသည် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းဆိုသည့်ကိစ္စရပ်ကို ထည့်သွင်းစဉ်းစားရန် မလိုပေ။ ဤအကျိုးဆက်တွင် အခြေခံအားဖြင့် လုပ်ပိုင်ခွင့်ကွဲပြားသော လွှတ်တော်ကိုယ်စားလှယ်နှစ်မျိုးရှိ ရာ ၎င်းတို့သည် တစ်ဖက်နှင့်တစ်ဖက်သွေဖယ်ကင်းကွာပြီး 'ဘုံကောင်းမွန်မှု'နှင့် စစ်တပ်မှသတ်မှတ်သည့် 'အမျိုးသားအကျိုးစီးပွား'ဆိုသော လုပ်ပိုင်ခွင့်အသီးသီး ကိုရရှိအောင်မြင်ရေးအတွက် ဆောင်ရွက်နေကြခြင်း တွင် တစ်ဖက်နှင့်တစ်ဖက် လုံးဝဆန့်ကျင်ဘက်သို့ ရောက်လုနီးပါးဖြစ်လျက်ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ဝန်ကြီးဌာနအားလုံး၌ ကျားမတန်းတူညီမျှမှုကိုထည့်သွင်းစဉ်းစားခြင်းသည် အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ခြင်းနှင့် ကာကွယ်ရေးကဏ္ဍ၏ဥပဒေပြုကြီးကြပ်မှုကို တိုးမြှင့်ခြင်းတို့အတွက်

လိုလားသော အကျိုးသက်ရောက်မှုကို ရရှိမည်ဖြစ်သည်။ အကယ်၍ စနစ်တကျဖွဲ့စည်းထားပါက GRBသည် ဘဏ္ဍာရေးဆိုင်ရာဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်သို့အာဏာလွှဲပြောင်းပေး ခြင်းတို့တွင် အောင်မြင်သော နည်းလမ်းတစ်ခု ဖြစ်လာနိုင်သည်။

➤ **ဒေါ်အောင်ဆန်းစုကြည်၏ခေါင်းဆောင်မှုအခန်းကဏ္ဍနှင့် NLDအောင်ပွဲသည် ကျားမရေးရာနှင့် ပတ်သက်သည့် လက်ရှိနိုင်ငံရေးအစီအစဉ်ကို စိန်ခေါ်မှုရှိပါသလား။**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအပြောင်းအလဲအတွက် အချို့သောကြိုးပမ်းမှုများရှိနေသော်လည်း NLD သည် တပ်မတော် နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP တို့၏ပြင်းထန်သောအတိုက်အခံပြုခြ င်းကို ကြုံတွေ့ရသည်။ ယင်း၏အကျိုးဆက်မှာ အမျိုးသမီးများအားပါဝင်ခွင့်မှဖယ်ထုတ်ထားသည့်စာပိုဒ် များသည် နဂိုအတိုင်းရှိ နေဆဲပင်ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ပါတီနှင့်ပိုမိုကျယ်ပြန့်သောလူဦးရေရှိ လူထုမှအမျိုးသမီးများကို ခိုင်မာစွာ လှုံ့ဆော်နိုးကြားစေခဲ့ပြီး အထူးသဖြင့် သူမ၏ဆွေမျိုးအမျိုးသားတစ်ဦးနှင့်ဆက်စပ်မှုမှတဆင့် ရွေးရိုးစွဲ ဦးဆောင်မှုကိစ္စရပ်၌ သူမ၏ရပ်တည်မှုကို သိရှိပြီးကတည်းကပင် အမျိုးသားခေါင်းဆောင်မှုအပေါ် ပြည်သူလူထု၏ ကြိုက်နှစ်သက်မှုသည် မကြာမီပြောင်းလဲသွားမည်ဖြစ်သည်။ ထို့အပြင် တိုင်းပြည်၏လူမျိုးစု ကွဲပြားမှုသည် NLD ပြင်ပရှိ ဗမာမဟုတ်သောအမျိုးသမီးများအား စံပြအမျိုးသမီးအဖြစ် သတ်မှတ်ရန် ဖြစ်နိုင်ချေနည်းပါးသည်။

ကျားမရေးရာနှင့်ပတ်သက်သည့် လူမှုရေးစံနှုန်းများသည် ထင်ရှားသောခေါင်းဆောင်မှုအခန်းကဏ္ဍတွင် အမျိုးသမီးများ ပိုမိုပါဝင်မှုနှင့်သာ ပြောင်းလဲလိမ့်မည်ဖြစ်သည်။ NLD ပါတီဦးဆောင်သောအုပ်ချုပ်ရေးတွင် ခေါင်းဆောင်ပိုင်းအတွက် အထူးသဖြင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ကောင်းမွန်စွာ ဆောင်ရွက် နိုင်သည့် မဲဆန္ဒနယ်များအတွင်းရှိ ရုံးများအပေါ်ပြည်သူလူထုအမြင် ပြောင်းလဲမှုကိုဖြစ်ပေါ်စေမည့် အမျိုးသမီး စွမ်းရည်ကို မဟာဗျူဟာကျကျ ပြင်ဆင်ပေးခြင်းအားဖြင့် NLD သည် နိုင်ငံအနှံ့ အမျိုးသမီးစွမ်းရည်မြှင့် တင်ရေးကို ဦးဆောင်သင့်သည်။

➤ **အလွန်အမင်းခွဲခြားသည့်တိုင်းပြည်တွင် အမျိုးသမီးများသည်ညီညွတ်မှုနှင့်စည်းလုံးမှုအား မည်သို့ ပြုစုပျိုးထောင်နိုင်မည်နည်း။**

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် ပါဝင်ပတ်သက်မှုအားလုံး၌ ကျားမရေးရာ ကိစ္စရပ်များတွင် ထင်ဟပ်တုံ့ပြန်လွယ်သောမူဝါဒများကို တွန်းအားပေးဆောင်ရွက်ရန်အတွက် ပါတီစုံ စနစ် တွင်ပါဝင်သည့်အမျိုးမျိုးသောနိုင်ငံရေးသမားများ၊ တိုင်းရင်းသားပေါင်းစုံ ပါဝင်သည့် ပလက်ဖောင်းတစ်ခုကို အချိန်မီဖွဲ့စည်းရန် လုပ်ဆောင်ရလိမ့်မည်ဖြစ်သည်။ ဥပဒေအသစ်များကိုထောက်ခံရန် တိုင်းရင်းသား၊ ဘာသာရေးနှင့် ပါတီများအကြား အမျိုးသမီးများ၏စည်းလုံးညီညွတ်မှုသည် သာဓကတစ်ခု သတ်မှတ်ပြီး ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့အတွက် နောက်ထပ်နည်းလမ်း တစ်ခုကို ထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။ အကယ်၍ စစ်တပ်အဖွဲ့မှ အမျိုးသမီးအနည်းငယ်သည် ယင်းပလက်ဖောင်းနှင့် ပေါင်းစည်း ဆောင်ရွက်မည်ဆိုလျှင် ပို၍ပင် အရေးပါပေလိမ့်မည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့်အဆင့်မြင့်အစိုးရအရာရှိကြီးများကို ဆက်သွယ်ပေးသော အမျိုးသမီး ကွန်ယက်များသည် ကျွမ်းကျင်မှုမြင့်မားစေရန်ပြုစုပျိုးထောင်ရလိမ့်မည်ဖြစ်ပြီး ဥပဒေနှင့်မူဝါဒများအရ ဘုံအကျိုးစီးပွားများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ယင်းနောက်ပိုင်းတွင်ပါဝင်လာမည့် လမ်းညွှန်ဆက်ဆံရေး နည်းလမ်းကို ဖွင့်ပေးခြင်းလည်း ဖြစ်သည်။

ထို့အပြင်အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုအကြား၌ အလားအလာရှိသော ထောက်ခံသူများနှင့် အဆက်အသွယ်ပြုလုပ်သင့်ပြီး သတင်းမီဒီယာများကို ဦးဆောင်ရန်နှင့် အခြားအမျိုးသမီး အခွင့်အရေးများကို ဖော်ထုတ်ရန်တို့နှင့်စပ်လျဉ်း၍ ကြိုးပမ်းဆောင်ရွက်သင့်သည်။ ကျားမခွဲခြားသည့် အခန်းကဏ္ဍများကို တိုက်ဖျက်ရန် အမျိုးသမီးများသည် အမျိုးသားထောက်ခံသူများအား ထည့်သွင်း သင့်သည်။

အမျိုးသမီးလှုပ်ရှားမှု (ပြည်တွင်းနှင့်နိုင်ငံတကာ)အတွင်း ထည့်သွင်းသည့်အခါ အရေးအကြီးဆုံးအချက်မှာ အမျိုးသမီးလွှတ်တော်အမတ်များ၏ အလုပ်များသည် များစွာအကျိုးရှိသည်။ Akhaya–IWDA လမ်းညွှန် ရှေ့ပြေးသရုပ်ပြချက်အရ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများသည် ၎င်းတို့၏နိုင်ငံရေးစွမ်းရည်များ မြှင့်တင်ခြင်း၊ ပါတီကွန်ယက်များကိုတိုးမြှင့်ခြင်း၊ နိုင်ငံများအကြားနိုင်ငံရေးဆက်ဆံမှုများကို ပိုမိုနက်ရှိုင်း စေခြင်းနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုများအကြား ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းခြင်းတို့အား ထောက်ပံ့ပေးရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်သည်။

# မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုကိုမြှင့်တင်ရန် ထောက်ခံ အကြံပြုထား သော ဗျူဟာများ

## နိုင်ငံရေးလုပ်ငန်းစဉ်နှင့်အုပ်ချုပ်မှုတွင်ကျားမတန်းတူညီမျှရှိမှုနှင့် အမျိုးသမီးများ၏ အခွင့်အရေးကို ထူထောင်ရန် အကြံပြုချက်များ

- မဲပေးခွင့်၊ အများပြည်သူ၏ အလုပ်နှင့်ရာထူးနေရာရရှိရေးနှင့် လိင်ခွဲခြားဆက်ဆံမှုမှ ကျန်ရှိသောပုံစံများ သို့မဟုတ် တန်းတူညီမျှနိုင်ငံသားဖြစ်ရန်ကန့်သတ်မှုတို့အားတိုက်ဖျက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများအဖြစ် အာမခံပေးပါ။
- နိုင်ငံရေးနှင့်အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများ၏ပါဝင်မှုအပေါ် လိင်ခွဲခြားမှု အချက်အလက်များနှင့် ကျားမခွဲခြားသော စာရင်းဇယားများကိုကောက်ယူ စုဆောင်းပါ။ (၎င်းတို့၏ပါဝင်မှုနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ၊ အုပ်ချုပ်သည့်ပါတီဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ၊ အခြေအနေနှင့် ရာထူး ) နိုင်ငံရေးနှင့်အုပ်ချုပ်ရေးအဆင့်များရှိ အမျိုးသမီးကိုယ်စားလှယ်လောင်းများ၊ တာဝန်ရှိသူများ၊ ရွေးကောက်တင်မြှောက်ခံထားရသူများနှင့် အစိုးရရုံးများတွင် ခန့်အပ်ခံထားရသူများ အား မဲဆန္ဒရှင်များအနေဖြင့် ကောက်ယူထားပါ။
    - ➤ အသက်အရွယ်၊ စီးပွားရေး၊ လူမျိုးရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ ဘာသာရေး အခြေအနေ၊ ပထဝီဝင်အနေအထားစသည့်အချက်အလက်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုသည်။ ဤအချက်သည် ကျားမရေးရာကိစ္စရပ်များတွင်ထင်ဟပ်တုံ့ပြန်လွယ်သောမူဝါဒများချမှတ်ခြင်း၊ အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အုပ်ချုပ်မှုတို့အားအကောင်အထည်ဖော်ရာ၌ အထောက်အကူပြုမည် ဖြစ်၍ အခြားအပြန်အလှန် ဆက်စပ်နေသည့်အထောက်အထားများကိုပါ ထည့်သွင်းစဉ်းစားရပါသည်။
- နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ၏ပါဝင်မှုအလေးပေးသည့်လမ်းကြောင်းကို မြှင့်တင်ပေးသည့် အထူးယာယီ အစီအမံများကဲ့သို့သော ရွေးကောက်ပွဲစနစ်နှင့် မူဝါဒပြုပြင်ပြောင်းလဲမှုများ ကိုမြှင့်တင်ပါ။
- ပါတီများအတွင်းဒီမိုကရေစီနည်းအရအုပ်ချုပ်သော နိုင်ငံရေးပါတီများတွင် ကျားမရေးရာ ကိစ္စရပ်များတွင် ထင်ဟပ်တုံ့ပြန်လွယ်သောပြုပြင်ပြောင်းလဲမှုကို မြှင့်တင်ခြင်းဖြင့် အစိုးရရုံးများရှိ အမျိုးသမီးများအတွက် ယှဉ်ပြိုင်မှု အခွင့်အရေးကို မြှင့်တင်ပေးနိုင်ပြီး ကျားမတန်းတူညီမျှမှု ပြဿနာများနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကိုလည်း တုန့်ပြန်ပါ။
    - ➤ အမျိုးသမီးများ၏အခွင့်အရေးများကိုတုန့်ပြန်သော ပါတီပလက်ဖောင်းများနှင့် မူဝါဒကြေညာစာတမ်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပါ။ ယင်းအချက်သည် အမျိုးသမီးများအပေါ် တာဝန်ခံမှုကိုပြသသည်။
    - ➤ ပါတီဝင်များနှင့်အဆင့်မြင့်ခေါင်းဆောင်ရာထူးနေရာများတွင် အမျိုးသမီးများ ပိုမိုပါဝင်စေမည့် ပါတီခွဲတမ်းနှင့် ရည်မှန်းချက်များကို စတင်ဆောင်ရွက်ပါ။ ယင်းသည်အမျိုးသမီးများ၏ ပြဿနာ

များကို ပါတီပလက်ဖောင်းများတွင် ကောင်းစွာထည့်သွင်းထားခြင်းဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ပိုမိုအားကောင်း လာစေသည်။

- ကျားမရေးရာကိစ္စရပ်များ သို့မဟုတ် ပိုမိုကြီးမားသောနိုင်ငံရေးပြဿနာများ၏ ကျားမရေးရာ အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍မူဝါဒဆိုင်ရာဆွေးနွေးငြင်းခုံမှုများ နှင့် ပါတီဝင်အမျိုးသမီး များ၏စွမ်းဆောင်ရည်ပြည့်ဝမှုများအပေါ် နိုင်ငံရေးပါတီများမှ အမျိုးသမီးများနှင့် အမျိုးသမီးငယ် များပါဝင်စေရန်အားပေးခြင်းဖြင့် ပိုမိုအားကောင်းစေသည်။ ဤအချက်သည် ငယ်ရွယ်သော အမျိုးသမီးများအပါအဝင် စွမ်းဆောင်ရည်ပြည့်ဝပြီး အသိအမြင်ကြွယ်ဝသော အမျိုးသမီးများအား မြေတောင်မြှောက်ပံ့ပိုးပေးခြင်းဖြင့် သေချာစေမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးများအား ရာထူးတိုးမြှင့်ရာတွင် အထောက်အကူ ဖြစ်စေပြီး ကျားမတန်းတူညီမျှမှုအစီအစဉ်ကိုဖော်ဆောင်နေသည့် ပါတီများကိုလည်း ထောက်ပံ့ အားဖြည့်ပေးခြင်းဖြစ်သည်။
- အမျိုးသမီးကိုယ်စားလှယ်လောင်းများက ပိုမိုမဲဆွယ်စည်းရုံးနိုင်ရန် ရန်ပုံငွေထောက်ပံ့ပါ။
- အမျိုးသား၊ အမျိုးသမီးများနှင့်ကိုယ်စားလှယ်လောင်းများအပေါ် အကြမ်းဖက်မှုကိုကိုင်တွယ်ပါ။

- အမျိုးသမီးများပါဝင်မှု၊ သြဇာသက်ရောက်မှု နှင့် ကျားမတန်းတူညီမျှရှိမှုအစီအစဉ်များကို မြှင့်တင်မည့် ကျားမရေးရာကိစ္စရပ်များတွင် ထင်ဟပ်တုံ့ပြန်လွယ်သော လွှတ်တော်ဆိုင်ရာယဉ်ကျေးမှုဓလေ့များကို ဆောင်ရွက်စေခြင်း ။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများ၌ ကျားမရေးရာကိစ္စရပ်များတွင် ထင်ဟပ်တုံ့ပြန်လွယ်သော ပြုပြင်ပြောင်းလဲမှုများအား မြှင့်တင်ရန်
- အစိုးရအဖွဲ့အစည်းတစ်ခုလုံးတွင်ရှိသော အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းအစီအစဉ်နှင့် ကျားမရေးရာတန်းတူညီမျှမှုတို့ကိုဆောင်ရွက်နိုင်သည့် အရင်းအမြစ်များ၊ အာဏာပိုင်များနှင့် အဖွဲ့အစည်း တည်နေရာများအပါအဝင် အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာဗျူရိုကရေစီ ယန္တရားများအတွင်းရှိ အမျိုး သမီးအင်အားစုများနှင့်ကျားမရေးရာအဖွဲ့များ၏ ရာထူးနေရာများကို တိုးမြှင့်ပေးရန်
- ကျားမရေးရာကိစ္စရပ်များတွင် ထင်ဟပ်တုံ့ပြန်လွယ်သော လုံခြုံရေး(ရဲ၊စစ်တပ်) နှင့်တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိုစတင်ရန်
- အရပ်ဖက်လူ့အဖွဲ့အစည်းအတွက်ဒီမိုကရေစီနေရာရရှိရန်
- အမျိုးသမီးများကိုရွေးကောက်တင်မြှောက်ပြီး ရာထူးနေရာခန့်အပ်ဆောင်ရွက်ခွင့်ရရန် လုပ်ကိုင် ဆောင်ရွက်ခွင့်ရရှိစေပြီး ကျားမတန်းတူညီမျှမှုအစီအစဉ်အတွက် ထောက်ပံ့မှုကိုမြှင့်တင်ပါ။
  - အလားအလာရှိသောကိုယ်စားလှယ်လောင်းများအား လွှတ်တော်နှင့်အစိုးရအဖွဲ့သို့ ဝင်ခွင့် ကန့်သတ်တားဆီးထားသောဘဏ္ဍာရေး၊ ဥပဒေ၊ လူမှုရေးနှင့် အခြားအတားအဆီးများအား ဖယ်ရှားပစ်ရန်
  - အမျိုးသားများပါဝင်သော နိုင်ငံရေးပါတီများ၊ ဒေသခံအာဏာပိုင်များ နှင့် ရပ်ရွာလူထုများမှ ခေါင်းဆောင်များအနေဖြင့် အမျိုးသမီးများအား ကိုယ်စားလှယ်လောင်းများအဖြစ် ရွေးချယ် တင်မြှောက်သည့်ကိစ္စရပ်များအပေါ် ခေါင်းဆောင်မှုဆိုင်ရာ အသိပညာများမြှင့်တင်ပေးရန်နှင့် ကျားမ တန်းတူညီမျှရှိမှုအစီအစဉ်အပေါ် ၎င်းတို့၏ထောက်ခံမှုကိုရရှိရန်အတွက် အသိပညာ မြှင့်တင်ပေးရန်။

- အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား အမျိုးသားများနှင့်အဆင့်တန်းတူရည်တူအဖြစ် သင်တန်း ပေးခြင်း၊ ဥပဒေပြုရေးနှင့်မူဝါဒချမှတ်ခြင်းနှင့်ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းစဉ်များ၏ အဆင့် အားလုံးတွင် လေ့ကျင့်ပေးပါ။ ပျော့ပြောင်းသောမူဝါဒပြဿနာများသာမက ခက်ခဲသောပြဿနာများ ကိုပါ အလေးပြုဆောင်ရွက်နိုင်ရန် အမျိုးသမီးများကို အားပေးပါ။ လူထုနှင့်ပြောဆိုဆက်ဆံခြင်း၊ ငြင်းခုံဆွေးနွေးခြင်း၊ တင်ဆက်ခြင်းနှင့် လူမှုမီဒီယာစသည့် ပျော့ပြောင်းသောစွမ်းဆောင်ရည် များကိုမြှင့်တင်ပါ။
- အမျိုးသမီးကိုယ်စားလှယ်များ၏ အသေးစိတ်မဲဆွယ်စည်းရုံးမှုမဟာဗျူဟာ၊ ဘဏ္ဍာရေးစီမံကိန်းနှင့် နိုင်ငံရေးရည်မှန်းချက်များ ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ပံ့၍ ၎င်းတို့ သက်ဆိုင်ရာ ပါတီအစီအစဉ်များ အပြင် မဲဆန္ဒရှင်များနှင့် အထူးသဖြင့် အမျိုးသမီး မဲဆန္ဒရှင်များ၏ ထောက်ခံမှုကိုရယူပါ။
- လမ်းညွှန်သူများနှင့်သင်တန်းဆရာများကိစ္စရပ်တွင်ပြည်ပရှိနိုင်ငံရေးစည်းရုံးလှုံ့ဆော်မှုတွင်လည်းကောင်း၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့် အခြားသက်ဆိုင်သည့် နယ်ပယ်များတွင် လည်းကောင်း၊ အတွေ့ အကြုံ ရှိသည့် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအား ဆွဲခေါ်လက်တွဲပါ။ .

## ၂၀၁၈ခုနှစ်တွင် Akhaya–IWDA လမ်းညွှန်ရှေ့ပြေးအစီအစဉ်ကို အခြေခံ၍ လွှတ်တော်တွင် အမျိုးသမီးများအား ထောက်ပံ့ရန်အကြံပြုချက်များ–

ဒေသဆိုင်ရာကျားမတန်းတူညီမျှရှိမှုကွန်ယက်နှင့် အဖွဲ့အစည်းများ၏ဒါဇင်ပေါင်းများစွာမှအဖွဲ့ဝင်များ နှင့်မြန်မာနိုင်ငံရှိ အမျိုးသမီးရေးရာ အဖွဲ့အစည်းကွန်ယက်တို့မှ အမျိုးသမီးများအား ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့်ပတ်သက်သည့်သင်တန်းများကို အကျယ်တဝင့် လေ့ကျင့်သင်ကြားပေးခဲ့သည်။ ရှေ့ပြေးလမ်းညွှန် သင်ကြားခြင်းအစီအစဉ်၏ရလဒ်များသည် ယေဘုယျအားဖြင့် သေးငယ်လွန်းသောနမူနာကို ကိုယ်စား ပြုသော်လည်း အလွန်ကောင်းမွန်သောရလဒ်များရရှိခဲ့သည်ဟု ယူဆရသည်။ အမျိုးသမီးများအတွက် လမ်းညွှန်သင်ကြားခြင်းသည် မြန်မာနိုင်ငံတွင် အယူအဆအသစ်တစ်ခုဖြစ်ပြီး အမျိုးသားများသည် အစဉ်အလာအရ သမားရိုးကျ နှင့် သမားရိုးကျမဟုတ်သောကွန်ယက်များနှင့် လမ်းညွှန်မှုများမှတစ်ဆင့် တိုးတက်ခဲ့သည်။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ အိမ်တွင်းဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံသော ချဉ်းကပ်နည်းကို ဖော်ထုတ်သတ်မှတ်ရာတွင် အသုံးဝင်လိမ့်ဖြစ်သည်။

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ ဖွဲ့စည်း တည်ဆောက်ပုံ နှင့်ယဉ်ကျေးမှုဆိုင်ရာစိန်ခေါ်မှုများကိုကြည့်ခြင်းအားဖြင့် အမျိုးသမီးများ၏အခွင့်အရေးနှင့် ကျားမတန်း တူညီမျှမှု ကို မြှင့်တင်သော ဥပဒေများနှင့်မူဝါဒများအတွက် အုပ်ချုပ်မှုစွမ်းရည်များ တိုးမြှင့်ခြင်းအားဖြင့် အမျိုးသားကြီး စိုးသော နေရာများသို့ ဝင်ရောက်ဆောင်ရွက်ရန် ထောက်ခံမှုများလိုအပ်နေသည်။

- IWDA–Akhaya, WLB, DIPD, နှင့် UNDPတို့၏ရှေ့ပြေးအစီအစဉ်များနှင့် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအတွက် လမ်းညွှန်အစီအစဉ်များကို တိုးချဲ့ရန်နှင့် လမ်းညွှန်မှုတစ်စိတ် တစ်ပိုင်းအနေဖြင့် နိုင်ငံရေးကျွမ်းကျင်မှုတွင် ပိုမိုရင်းနှီးမြှုပ်နှံရန်။ (အရေးကြီးသော စွမ်းရည်များတွင် အဓိက နိုင်ငံရေးသတင်းစကားများကို ကန့်သတ်ထိန်းသိမ်းခြင်း၊ ထိရောက်သောစည်းရုံး လှုံ့ဆော်ခြင်း နှင့် မဲဆန္ဒရှင်များနှင့် အဆက်မပြတ် ဆက်သွယ်ခြင်း)
- မြန်မာနိုင်ငံရှိအခြားသော NGO များနှင့် တရားဝင်မိတ်ဖက်ပြုခြင်းအားဖြင့် အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်များအတွက် လိုအပ်သည့်အထောက်အပံ့အမျိုးအစားများကိုတိုးချဲ့ဆောင်ရွက်ပေးရန်။
- နေပြည်တော်ရှိ လွှတ်တော်ဆိုင်ရာအစီအစဉ်များအရ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်

၎င်းတို့၏ မဲဆန္ဒနယ်များမှ တောင်းဆိုမှုများကို စီမံခန့်ခွဲရန်အတွက် ရုန်းကန်နေရသောကြောင့် အုပ်ချုပ်ရေးနှင့် သုတေသနလိုအပ်ချက်များကို နေရာဒေသနှစ်ခုစလုံးမှ အထောက်အကူပြုရန် ဝန်ထမ်းများကိုခန့်အပ်ပါ။

- အမျိုးသမီးများ၏ စည်းလုံးညီညွတ်မှုကို Australian Emily’s List နှင့်အညီမြှင့်တင်၍ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များမှအမျိုးသမီးများသည် အမျိုးသားများထက် အမျိုးသမီးများကို ပိုမိုပြင်းထန်စွာစိစစ်လေ့ရှိကြောင်း၊ ဤအပြုအမူ၏အခြေခံအကြောင်းအရင်းများကို အမူအကျင့်ဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာ စေရန် အတွက်ဖြေရှင်းပေးရန်လိုအပ်သည်။
- အထူးသဖြင့် ပါတီစုံလွှတ်တော် ကိုယ်စားလှယ်အမျိုးသမီးများ၏ ကိုယ်စားလှယ်ရွေးချယ်ရန် ကျင်းပသည့် အစည်းအဝေးများတွင် အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးစုများ ဆိုင်ရာအုပ်စုများမှလွှတ်တော် ကိုယ်စားလှယ်အမျိုးသမီးများသည် ပဋိပက္ခနှင့်စပ်လျဉ်းသည့် ပြဿနာများအပေါ် ပူးပေါင်းဆောင်ရွက်နိုင် ရန် ပါတီများအကြား ပိုမိုကောင်းမွန်သော ပါတီစုံကွန်ယက်များဖြင့် ပါတီဝင်အချင်းချင်းကြားပူးပေါင်း ဆောင်ရွက်မှုတွင် ယုံကြည်မှုအားနည်းသော အလေ့အထကို ပြောင်းလဲပါ။
- ကျားမတန်းတူညီမျှရှိမှုဆိုင်ရာဥပဒေအသစ်ပြုရေးအတွက် အောင်မြင်စွာစည်းရုံးလှုံ့ဆော်နိုင်ရန် ကျယ်ပြန့်သော ပါတီစုံညွန့်ပေါင်းအဖွဲ့များကို အခြေခံ၍ ဖွဲ့စည်းပြီး လမ်းညွှန်အစီအစဉ်များသည် သတ်မှတ်ထားသည့်ဥပဒေပြုနယ်ပယ်များ၌ ပိုမိုကျယ်ပြန့်သောအားပေးထောက်ခံသည့်နည်းဗျူဟာများ ပါဝင်သင့်သည်။
- အထူးသဖြင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုများနှင့် ချိတ်ဆက်၍ ပိုမိုကျယ်ပြန့်သောအမျိုးသမီးများ၏အခွင့်အရေးများ အစီအစဉ်တွင် ၎င်းတို့၏သင်တန်း အစီအစဉ်များကိုပါ ထည့်သွင်းပါ။

# ကိုးကား

Article 19, Censored gender: Women's right to freedom of expression and information in Myanmar. London: Article 19, 2015. https://www.article19.org/data/files/medialibrary/38032/gender-report-v1-3-full.pdf

Arutyunova, Angelika and Cindy Clark, Watering the Leaves, Starving the Roots: The Status of Financing for Women's Rights Organizing and Gender Equality. Toronto, Mexico City, Cape Town: AWID, 2013. https://www.awid.org/sites/default/files/atoms/files/WTL_Starving_Roots.pdf

Asian Development Bank, United Nations Development Programme, United Nations Population Fund, and the United Nations Entity for Gender Equality and the Empowerment of Women, Gender equality and women's rights in Myanmar: A situation analysis. Mandaluyong City, Philippines: ADB, 2016. http://mm.one.un.org/content/dam/unct/myanmar/docs/unct_mm_UNWomen_Report_Gender%20Situation%20Analysis.pdf

Aung Myat Thu, Protection from Violence against Women Act likely to be passed next year. Mizzima, 27 November 2018. http://mizzima.com/article/protection-violence-against-women-act-likely-be-passed-next-year

Aung Aung, Emerging Political Configurations in the Run-up to the 2020 Myanmar Elections. Singapore: ISEAS, Trends in Southeast Asia Series, January 2019. https://www.iseas.edu.sg/images/pdf/TRS1_19.pdf

Aung Aung, Understanding Ethnic Political Parties in Myanmar: The Cases of Mon and Karen States. Singapore: ISEAS, September 2018. https://www.iseas.edu.sg/images/pdf/ISEAS_Perspective_2018_57@50.pdf

Aung Aung, Myanmar's Current Politics: Implications for the 2020 General Elections. Singapore: ISEAS, October 2018.https://www.iseas.edu.sg/images/pdf/ISEAS_Perspective_2018_61@50.pdf

Broadening Participation of Women of Ethnic Political Parties in the Peace Process: Needs and Recommendations. Yangon: The Carter Center, Women's League of Burma, March 2019. https://www.cartercenter.org/resources/pdfs/peace/democracy/broadening-women-participation_en-march-2019.pdf

Burnley, Jasmine ,Melanie Hilton, Poe Ei Phyu and Nilar Tun, A case for gender responsive budgeting in Myanmar. Yangon: ActionAid, Care, Oxfam, WON, 2016. https://myanmar.oxfam.org/sites/myanmar.oxfam.org/files/file_attachments/GRbudget%20policy%20brief%20ENG%2011MARCH2016%20FOR%20PRINT.pdf

Callahan, Mary with Myo Zaw Oo, Myanmar's 2020 Elections and Conflict Dynamics. Yangon: United States Institute of Peace, April 2019. https://www.usip.org/sites/default/files/2019-04/pw_146-myanmars_2020_election_and_conflict_dynamics.pdf

Chakraborty, Lekha. Asia: A Survey of Gender Budgeting Efforts. International Monetary Fund, July 2016. https://www.imf.org/external/pubs/ft/wp/2016/wp16150.pdf. 10.

Committee on the Elimination of Discrimination against Women, Concluding observations of the Committee on the Elimination of Discrimination against Women, Forty-second session, 20 October-7 November 2008. http://www.burmalibrary.org/docs5/CEDAW-C-MMR-CO-3.pdf

Committee on the Elimination of Discrimination against Women, Concluding observations on the combined fourth and fifth periodic reports of Myanmar, Sixty-fourth session 4-22 July 2016. https://tbinternet.ohchr.org/_layouts/treatybodyexternal/Download.aspx?symbolno=CEDAW%2fC%2fMMR%2fCO%2f4-5&Lang=en

Constitution of the Republic of the Union of Myanmar. Naypyidaw: Printing & Publishing Enterprise, Ministry of Information, September 2008. http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf http://www.ilo.org/dyn/natlex/natlex4.detail?p_lang=en&p_isn=79572&p_classification=01.01

Curristine, Teresa and Udaya Pant, Gender Budgeting in South Asia. Public Financial Management Blog, 5 July 2018. https://blog-pfm.imf.org/pfmblog/2018/07/gender-budgeting-in-south-asia.html

Duell, Kerstin, 'Local Perceptions of returning Exiles and the Roles of the broader Diaspora in Myanmar'. In Myanmar in Transition: Polity, People and Processes, ed. Kerstin Duell. Singapore: Konrad-Adenauer Foundation, 2013. https://www.kas.de/documents/252038/253252/7_dokument_dok_pdf_36387_1.pdf/aeff7ed3-1a82-f794-4c3a-ff3767107f5f?version=1.0&t=1539654807045

Duell, Kerstin. 'Sidelined or re-inventing themselves? Exiled Activists in Myanmar's Political Reforms' In Debating Democratization in Myanmar, eds. Nick Cheesman, Nicholas Farrelly and Trevor Wilson. Singapore: Institute of Southeast Asian Studies, 2014.

Egreteau, Renaud, Marginalisation or Consolidation? The Parliamentary Year in Review . Tea Circle Oxford, 14 May 2018. https://teacircleoxford.com/2018/05/14/marginalisation-or-consolidation-the-parliamentary-year-in-review/

Egreteau, Renaud, Negotiating Parliamentary Oversight of the Security Sector in Myanmar. Singapore: ISEAS 2018. https://www.iseas.edu.sg/images/pdf/ISEAS_Perspective_2017_37.pdf

Egreteau, Renaud, Parliamentary Development in Myanmar: An Overview of the Union Legislature, 2011-2016. Myanmar: The Asia Foundation, May 2017. https://asiafoundation.

org/wp-content/uploads/2017/05/Parliamentary-Development-in-Myanmar_English.pdf

Gender Concerns International, Gender Election Observation Mission (GEOM): Myanmar, November 2015. The Hague and Yangon: Gender Concerns International [no date]. http://www.genderconcerns.org/pdfs/GEOM%20MM%20English.pdf

Gender Equality Network, Media Monitoring: Media Coverage of Women Candidates and Women's Issues during the 2015 Election Period in Myanmar. Yangon: Gender Equality Network, 2016. http://www.genmyanmar.org/system/research_and_publications/rap_file_engs/000/000/011/original/Media_Mornitoring-English.pdf

Gender Equality Network, Gender and Politics in Myanmar: Women and Men candidates in the 2015 Election. Yangon: GEN, August 2017. http://www.genmyanmar.org/system/research_and_publications/rap_file_engs/000/000/023/original/Gender_and_Politics-_Full-_English.pdf

Gender Equality Network and Global Justice Center, Shadow Report on Myanmar for the 64th Session of the Committee on the Elimination of Discrimination against women. Yangon: Gender Equality Network, July 2016. http://www.globaljusticecenter.net/documents/ShadowReport.6.10.2016.pdf

Gender Responsive Budgeting: Perspectives from Myanmar. Bangkok: UNESCAP [no date]. https://www.unescap.org/sites/default/files/6.%20Myanmar.pdf

Han Htoo Khant Paing and Richard Roewer, Testing the Water: the 2018 By-Elections and Myanmar's Political Future. Tea Circle Oxford, 9 December 2018. https://teacircleoxford.com/2018/12/19/testing-the-water-the-2018-by-elections-and-myanmars-political-future/

Löfving, Annami, Aye Thiri Kyaw, and Mi Mi Thin Aung, Raising the Curtain: Cultural Norms, Social Practices and Gender Equality in Myanmar. Yangon: Gender Equality Network, 2015. http://www.genmyanmar.org/research_and_publications?page=2

Maung Aung Myoe, The soldier and the state: The Tatmadaw and political liberalization in Myanmar since 2011. South East Asia Research, 22, 2, pp 233-249, June 2014. https://www.tandfonline.com/doi/abs/10.5367/sear.2014.0205

Min Than, The Tatmadaw in the Hluttaw. Singapore: ISEAS 2018. https://www.iseas.edu.sg/images/pdf/ISEAS_Perspective_2018_73@50.pdf

Minoletti, Paul, Gender Inequalities in a Decentralized Myanmar. Quebec: IDRC, May 2017. https://www.idrc.ca/sites/default/files/sp/Documents%20EN/background-paper-minoletti-june-2017.pdf

Minoletti, Paul, Gender Budgeting. Yangon: The Asia Foundation, August 2019. https://asiafoundation.org/wp-content/uploads/2019/09/Myanmar_Gender-Budgeting_Eng.pdf

Minoletti, Paul, Gender (in) Equality in the Governance of Myanmar: Past, Present, and Potential Strategies for Change. Yangon: The Asia Foundation, April 2016. https://asiafoundation.org/wp-content/uploads/2016/05/MM-Gender-Paper_EN.pdf

Minoletti, Paul, Women's Participation in the Subnational Governance of Myanmar. Yangon: MDRI-CESD and The Asia Foundation, 2014. https://asiafoundation.org/resources/pdfs/WomensParticipationintheSubnationalGovernanceofMyanmar.pdf

Moe Moe, Government Promises More Female Participation on Women's Day. The Irrawaddy, 8 March 2019. https://www.irrawaddy.com/news/burma/govt-promises-female-participation-womens-day.html

Myanmar National Committee for Women's Affairs, National Strategic Plan for the Advancement of Women (2013-2002). Nay Pyi Taw: Myanmar National Committee for Women's Affairs, 2013. https://myanmar.unfpa.org/sites/default/files/pub-pdf/NSPAW2013-2022_0.pdf

Newstone Global Consulting, Learning Review: Myanmar Women Parliamentarians mentoring pilot program. Melbourne: International Women's Development Agency IWDA, August 2018.

https://iwda.org.au/assets/files/IWDA-Myanmar-Women-Parliamentarians-Mentoring-Pilot_Learning-Brief.pdf

Win Ko Ko Latt, NLD-backed Women's Congress Rejects Talk of Removing Myanmar Military From Politics. Radio Free Asia, 2 July 2018. https://www.rfa.org/english/news/myanmar/nld-backed-womens-congress-07022018164842.html

NLD concludes first Nationwide Women's Work Committees Congress in Nay Pyi Taw. Myanmar News Agency, 3 July 2018. http://www.globalnewlightofmyanmar.com/nld-concludes-first-nationwide-womens-work-committees-congress-in-nay-pyi-taw/

Nyein Nyein, NLD Won't Support Quota for Women in Political Positions. The Irrawaddy, 3 July 2018. https://www.irrawaddy.com/news/burma/nld-wont-support-quota-for-women-in-political-positions.html

O'Toole, Gavin, IMF champions move towards 'gender budgeting". Global Government Forum, 23 July 2017. https://www.globalgovernmentforum.com/imf-champions-move-towards-gender-budgeting/

Oxfam, Trocaire, CARE, ActionAid, Women and Leadership in Myanmar. Yangon: Oxfam, Trocaire, CARE, ActionAid, 2013. https://cng-cdn.oxfam.org/myanmar.oxfam.org/s3fs-public/file_attachments/Women%20&%20Leadership%20(Full%20Report_English).pdf

People's Alliance for Credible Elections (PACE), Citizens' Political Preferences for 2020. Yangon: Pace, July 2019. http://themimu.info/sites/themimu.info/files/documents/Report_Citizens_Political_Preferences_for_2020_PACE_Jul2019_ENG.pdf

Phan Tee Eain, Report on Observing Women's Participation in Myanmar's November 2015 General Election. Yangon: Phan Tee Eain, 2016 [print only].

Phyo Thiha Cho, NLD Wants Military Lawmakers Out Of Parliament By 2035... And A New National Flag. Myanmar Now, 24 July 2019. https://www.myanmar-now.org/en/news/nld-wants-military-lawmakers-out-of-parliament-by-2035-and-a-new-national-flag

Quadrini, Maggi, Donors Must Work with Women - Not for Women. Tea Circle Oxford, 13 December 2018. https://teacircleoxford.com/2018/12/13/donors-must-work-with-women-not-for-women/

Quadrini, Maggi, Women's Participation in Politics Undermined by the NLD. The Irrawaddy, 9 May 2019. https://www.irrawaddy.com/opinion/guest-column/womens-participation-politics-undermined-nld.html

Sawatzky, Janeen, Sexual violence against women and girls: A year in review. Tea Circle Oxford, 14 January 2019. https://teacircleoxford.com/2019/01/14/sexual-violence-against-women-and-girls-a-year-in-review/

Selth, Andrew, All going according to plan? The Armed Forces and Government in Myanmar. Contemporary Southeast Asia 40, 1, pp 1-26, 2018. https://muse.jhu.edu/article/692007 See also https://www.griffith.edu.au/__data/assets/pdf_file/0028/108694/Regional-Outlook-Paper-54-Selth-web.pdf

Selth, Andrew, Myanmar's Intelligence State. Australian Institute of International Affairs, 20 September 2018. https://www.internationalaffairs.org.au/australianoutlook/myanmars-intelligence-state/

Shwe Shwe Sein Latt, Kim N. B. Ninh, Mi Ki Kyaw Myint and Susan Lee, Women's Political Participation in Myanmar: Experiences of Women Parliamentarians 2011-2016. Yangon: The Asia Foundation and Phan Tee Ein, April 2017. https://asiafoundation.org/wp-content/uploads/2017/05/Womens-Political-Participation-in-Myanmar-MP-Experiences_report-1.pdf

Thet Su Aung, Myanmar Military MPs Submit Bill to Bar Citizens With Foreign Ties From Top Government Posts. Radio Free Asia, 19 September 2019.https://www.rfa.org/english/news/myanmar/public-office-foreign-citizenship-bill-09192019155054.html

UNESCAP, Gender-Responsive Budgeting in Asia and the Pacific: Key Concepts and good Practices. Bangkok: United Nations, 2018. https://www.unescap.org/sites/default/files/SDD_Gender-Responsive_Budgeting.pdf

United Nations Population Fund, Powerful Myths, Hidden Secrets. Myanmar: UNFPA, 2017. https://myanmar.unfpa.org/sites/default/files/pubpdf/PowerfulMythsHiddenSecrets_EDITED.pdf

WAVE, Akhaya Women and IWDA, Myanmar Women Parliamentarians mentoring pilot program: Increasing the influence of Myanmar's women political leaders through mentoring. Melbourne: International Women's Development Agency IWDA, March 2018.

https://iwda.org.au/assets/files/Myanmar-Woman-Mentoring-Program-Practice-Brief_2018_FINAL.pdf Women's League of Burma, Long Way to Go: Continuing Violence of Human Rights and Discrimination of ethnic women in Burma. CEDAW Shadow report. Chiang Mai: WLB, July 2016. http://www.burmalibrary.org/docs22/WLB-2016-07-CEDAW_Long-Way-To-Go-en.pdf

Zam, Namgay, How Many Women Will Bhutan Elect This Time? The Diplomat, 29 September 2018. https://thediplomat.com/2018/10/how-many-women-will-bhutan-elect-this-time/